BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

နိုင်ငံတကာမြန်မာသတင်းအဖွဲ့(ဘီအဲန်အိုင်)

မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့



# မိုးကောင်းကင်က မိစ္ဆာများ

သို့မဟုတ်

# စစ်အုပ်စု၏ လေကြောင်းရန်



ဒီဇင်ဘာလ၊ ၂၀၂၃

# မာတိကာ


သုတေသနနည်းနာနှင့် လုပ်ငန်းစဉ် ........ ၂

အစီရင်ခံစာ၏ ရည်ရွယ်ရာ ........ ၄

နိဒါန်း ........ ၆

စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၏ နောက်ကွယ် ........ ၈

လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်များ ........ ၁၂

ကောင်းကင်မိစ္ဆာများ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုများ ........ ၂၂

စစ်အုပ်စု၏ လေတပ်စခန်းနှင့် လေယာဉ်များ ........ ၂၇

လေကြောင်းရန်မှ လွတ်မြောက်ရေး ရင်ဖွင့်သံ ........ ၃၂

လေကြောင်းရန် ကာကွယ်ရေး ဘာလဲ ........ ၃၅

နိုင်ငံတကာ၏ အခန်းကဏ္ဍ ........ ၃၉

No Fly Zone ဘယ်တော့လဲ ........ ၄၂

သုံးသပ်တင်ပြချက် ........ ၄၆

## သုတေသနနည်းနာနှင့် လုပ်ငန်းစဉ်

"မိုးကောင်းကင်က မိစ္ဆာများ သို့မဟုတ် စစ်အုပ်စု၏ လေကြောင်းရန်"။ ယခုအစီရင်ခံစာ အတွက် သုတေသန ဆိုင်ရာလုပ်ငန်းစဉ်များအဖြစ် BNI-Myanmar Peace Monitor မှ စုဆောင်းမှတ်တမ်းပြုထားသည့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များကို အခြေပြုတွက်ချက်သုံးသပ်ခြင်း၊ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ကြရသည့် ပြည်သူလူထုနှင့် ခုခံတော်လှန်ရေးအင်အားစုများအား တွေ့ဆုံမေးမြန်းခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။

ကရင်နီ(ကယား)ပြည်နယ် ရှားတောမြို့နယ်အတွင်းရှိ ဒေါ်နူးခူရွာ စစ်ဘေးရှောင်စခန်းသို့ သွားရောက်ကွင်းဆင်းကာ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအား တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့အပြင် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အပြင်းထန်ဆုံးရင်ဆိုင်ကြုံတွေ့နေရသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်

ရေးအဖွဲ့(ERO) အပါအဝင် ခုခံတော်လှန်ရေးအင်အားစုများမှ ခေါင်းဆောင်များကိုလည်း အစီရင်ခံစာအတွက် သီးသန့်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ယခုအစီရင်ခံစာပါ အာကာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို မြို့နယ်အလိုက် ရက်ဖြင့်ကောက်ယူမှတ်တမ်းပြုထားသဖြင့် ဥပမာ - လေကြောင်းတိုက်ခိုက်မှု တစ်ရက်တည်းတွင် မြို့နယ် ၂ ခု၊ ၃ ခု တွင်တွေ့ရှိရပါက လေကြောင်းတိုက်ခိုက်မှု ၂ ရက်၊ ၃ ရက်အဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။ BNI – Myanmar Peace Monitor အနေဖြင့် မြေပြင်သတင်းဖော်ပြချက်များကိုသာ အခြေပြုမှတ်တမ်းပြုထားသည့်အတွက် အာကာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို အကြိမ်ရေဖြင့် ဖမ်းဆုတ်မှတ်တမ်းပြုနိုင်ရန် အခက်အခဲရှိပါသည်။ သို့သော် မှတ်တမ်းတင်တွေ့ရှိချက်များအရ လေကြောင်းတိုက်ခိုက်မှု တစ်ရက်တွင် အနည်းဆုံး တစ်ကြိမ်မှ အများဆုံး ၁၈ ကြိမ်အထိ ပျမ်းမျှ တွေ့ရှိရပါသည်။ ထို့ကြောင့် စစ်အာဏာသိမ်းကာအတွင်း အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများသည် ထောင်နှင့်ချီသည်အထိ အကြိမ်ရေများပြားနေသည်ဟု ဆိုနိုင်ပါသည်။

# အစီရင်ခံစာ၏ ရည်ရွယ်ရာ

ဆယ်စုနှစ်ပေါင်းများစွာ အမြစ်တွယ်လာသည့် မြန်မာနိုင်ငံ ပြည်တွင်းစစ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို တွေ့ရခဲ့သော်လည်း ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်စတင်ခဲ့သည့် စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို နေ့စဉ်နှင့်အမျှ အချိန်မရွေး၊ နေရာဒေသမရွေး နိုင်ငံတဝှမ်းလုံးတွင် တွေ့ရှိနေပြီဖြစ်သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း စစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများသည် ၂၀၂၁ ခုနှစ်၊ ၂၀၂၂ခုနှစ် (၂) နှစ်အတွင်း တွေ့ရှိရသည့် လေကြောင်းတိုက်ခိုက်မှုများထက် ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။

ယခုအစီရင်ခံစာတွင် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများ၏ အကြောင်းအရင်းနှင့် ဦးတည်ရာပစ်မှတ်များ၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ လေကြောင်းတိုက်ခိုက်မှုများကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့သည့် ပြည်သူများ၏ ရင်ဖွင့်သံများကို ရင်နှင့်ဖွယ်တွေ့ရှိရမည်ဖြစ်သည်။ ထို့အပြင် အာဏာသိမ်းစစ်အုပ်စု၏ လေတပ်စခန်း တည်နေရာများနှင့်အသုံးပြုခဲ့သည့် လေယာဉ်အမျိုးအစားများ၊ စစ်လက်နက်ပစ္စည်းများကိုလည်းမြေပုံအထောက်အထားများဖြင့် တင်ပြနိုင်ရန် ကြိုးပမ်းထားပါသည်။

လူ့အသက်ပေါင်းများစွာကို တနေရာတည်းတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်နိုင်စွမ်းရှိသည့် "မိုးကောင်းကင်ကမိစ္ဆာများ သို့မဟုတ် စစ်အုပ်စု၏ လေကြောင်းရန်" မှ လွတ်မြောက်နိုင်ရေးအတွက် လက်တွေ့ကျသည့် အကာအကွယ်များ၊ အစီအမံများသည် ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ကြသော ပြည်သူများ၏ အလိုအပ်ဆုံးသော မျှော်လင့်ချက်ဖြစ်သည်။ သို့သော် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများနှင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် ဦးတည်တိုက်ပွဲဝင်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့်လည်း စစ်အုပ်စု၏ လေကြောင်းရန်ကို ရပ်တန့်ပစ်နိုင်ရေးအတွက် နည်းလမ်းရှာမတွေ့နိုင်သေးဟု ဆိုရပါမည်။

ယခုအစီရင်ခံစာသည် စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများအား ခြေရာကောက်ခြင်း၊ ၎င်းတို့ လေကြောင်းတိုက်ခိုက်မှုများအား ကိုယ်တိုင်ကြုံတွေ့ခဲ့ကြရသည့်နွေဦးတော်လှန်ရေးအင်အားစုများ၏ တုန့်ပြန်ဖြေရှင်းနိုင်မှုအခြေအနေ၊ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုများကို ဖြစ်စဉ်ဖြစ်ရပ်များ၊ ကိန်းဂဏန်းအချက်အလက်များနှင့် မြေပြင်ကွင်းဆင်း လေ့လာတွေ့ရှိချက်များကို အခြေပြုပြီး မြန်မာပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရသည့် "မိုးကောင်းကင်မှ မိစ္ဆာများ သို့မဟုတ် စစ်အုပ်စု၏လေကြောင်းရန်" ကို အချိန်မီဟန့်တား ရပ်တန့်နိုင်ရေးအတွက် ချဉ်းကပ်တင်ပြထားပါသည်။

# နိဒါန်း

ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်ပေါင်းများစွာကို ပျက်ဆီးဆုံးရှုံးနိုင်ခြင်း အလို့ငှာနေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲသက်ရောက်မှုများ ထဲမှ တခုဖြစ်သည်။ အဆိုပါစစ်အာဏာသိမ်းမှုအား လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒ ဖော်ထုတ်ခဲ့ကြသည့် ရဟန်းရှင်လူ၊ ပြည်သူလူထုအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ သေနတ် ဖြင့်ပစ်ခတ်ဖမ်းဆီးခြင်းစသော စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကလည်း "မိမိကိုယ်ကို ခုခံကာကွယ်ရေးနှင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်ရေး" လမ်းစဉ်သို့ တွန်းပို့ပေးခဲ့ သည်။

ယခုအခါ စစ်အာဏာသိမ်းကာလ ၂ နှစ်၊ ၁၀ လအထိ ကြာမြင့်လာသည်နှင့်အတူ စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သော နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ် သည် အရှိန်အဟုန်အားကောင်းလာပြီဖြစ်သည်။စစ်ကောင်စီတပ်များ ခြေကုတ်ယူတပ်စွဲရာ ရဲစခန်း၊ ကင်းစခန်းနှင့် ဌာနဆိုင်ရာအဆောက်အဦးများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ သည် ခပ်စိပ်စိပ်တွေ့ရှိလာပြီဖြစ်သည်။ ချင်း၊ စစ်ကိုင်း၊ ကချင်၊ မကွေးနှင့် ကရင်၊ ကရင်နီ (ကယား)ဒေသများအတွင်း စစ်ကောင်စီ စစ်ကြောင်းများသည် လေကြောင်းအကူအညီ မပါဘဲ စစ်ကြောင်းချီနိုင်သည့် အနေအထားမျိုး မရှိတော့သည်ကို သတိပြုမိပါသည်။

မိမိတို့ BNI-Myanmar Peace Monitor မှ အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်း မှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ရခြင်း၏ အကြောင်းအချက်တစ်ခုကို ကောက်ယူထား သည့် ကိန်းဂဏန်းများမှတဆင့် စိတ်ဝင်စားဖွယ် တွေ့ရှိထားပါသည်။ နှစ်အလိုက်

ကိန်းဂဏန်းများကို လေ့လာကြည့်ပါက စစ်ကောင်စီတပ်သား သေဆုံးမှု မြင့်မားလာခြင်းနှင့်လေကြောင်းမှ ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများ မြင့်တက်လာခြင်းသည် ဆက်စပ်နေပါသည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးကို ဦးတည် တိုက်ပွဲဝင်နေသည့် နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်အတွင်း စစ်ကောင်စီတပ်သားများ သေဆုံးမှုများလေလေ ၊ နယ်မြေခြေကုတ်ယူစိုးမိုးနိုင်မှု ဆုတ်ယုတ်သွားလေလေ စစ်အုပ်စုအနေဖြင့် လေကြောင်းမှတဆင့် ထိုးစစ်ဆင်မှုများ၊ ပုံးကြဲတိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့် တိုက်ခိုက်လေလေဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်ပဇီကြီးရွာဖြစ်စဉ်နှင့် ကချင်ပြည်နယ်ဖားကန့်မြို့နယ် အနန့်ပါဒေသဖြစ်စဉ်၊ မုန်လိုင်ခက်ဖြစ်စဉ် တို့ကဲ့သိုသော အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက် သေဆုံးနိုင်ခြင်းကိုလည်း အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ထည့်သွင်းစဉ်းစားဟန်မရှိပေ။ ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းရွာ စာသင် ကျောင်းနှင့် ကရင်နီ(ကယား)ပြည်နယ်မှ စစ်ဘေးရှောင်စခန်းများကဲသို့သော ကလေးသူငယ်နှင့် ခိုကိုးရာမဲ့နေသော စစ်ဘေးရှောင်ပြည်သူများ၏ အသက်များ၊ ဘဝများကိုငဲ့ကွက်မှုတစုံတရာမရှိဘဲလေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို နေ့စဉ်ရက်ဆက် ကျူးလွန်လျက်ပါသည်။

သို့နှင့်တိုင် ယနေ့အချိန်အထိ ကောင်းကင်ယံမှ ထင်တိုင်းကြဲနေသည့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်း တိုက်ခိုက်မှုများကို ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့် စိုးရိမ်ကြောင်း၊ စာနာကြောင်း ပြောဆိုထုတ်ပြန်ခြင်းမှတပါး တစုံတရာစွမ်းဆောင်နိုင်ခြင်းမရှိသေးပေ။ မိမိတို့ ကွင်းဆင်းစုံစမ်းမေးမြန်းခဲ့သည့် ကရင်နီ(ကယား)ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများကတော့ စစ်အုပ်စု၏ လေကြောင်းရန်မှလွတ်မြောက်နိုင်ရေးသည် အလိုချင်ဆုံးသောဆန္ဒတစ်ခုဖြစ်သည်ဟု ဆိုကြပါသည်။

# စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ နောက်ကွယ်

စစ်အာဏာသိမ်းကာလအတွင်း ပထမဆုံးအကြိမ် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကို စတင်ကြုံတွေ့ခဲ့ရချိန်သည် ၂၀၂၁ခုနှစ် မေလ ၂၈ ရက်၊ ဒီးမော့ဆိုမြို့နယ် ကုန်းသာရွာနှင့် ဘုရားငုတ်တိုရွာအကြား ကျောက်ဆည်ကန်အနီးတိုက်ပွဲအတွင်း စစ်ကောင်စီတပ်သားများ အတုံးအရုန်းကျဆုံးချိန်တွင် ဖြစ်သည်ဟု ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့ (KNDF)၏ ဒုစစ်ဦးစီးချုပ်ဖြစ်သူ ကိုမာဝီကပြန်ပြောပြသည်။ ထို့နောက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကို ပြန်လည်ကြုံတွေ့ခဲ့ရသည်။

"အစကတော့ သူတို့ (စစ်ကောင်စီတပ်သား)တွေ ရှုံးနေပြီဆိုရင် လေကြောင်းလာပြီ။ လေကြောင်းလာတော့မယ်ဆိုတာလည်း ကျနော်တို့တွေသိနေပြီပေ့ါ။ သူတို့ရှုံးရင် လာတယ်။ ရှုံးမဲမဲပြီး အရပ်သားပြည်သူတွေနေထိုင်တဲ့ ရပ်ကွက်တွေ၊ ရွာတွေ၊ ဆေးပေးခန်းတွေ၊ စာသင်ခန်း၊ စစ်ရှောင်စခန်းကအစ အကုန်လုံးကို လေကြောင်းကနေဗုံးကြဲတိုက်ခိုက်တော့တာပဲ" ဟု ကိုမာဝီက ပြောပါသည်။ ၂၀၂၃ ခုနှစ်အတွင်းတွင်တော့ အာဏာသိမ်းစစ်ကောင်စီတပ်များအနေဖြင့် စစ်ကြောင်းထိုးလာသည်နှင့်ကို လေကြောင်းထိုးစစ်များ၊ လေကြောင်းပစ်ကူများပါဝင်လာပြီးတိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် မြို့ပေါ်ရပ်ကွက်များကအစလေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်လာသည်ဟု ဆိုပါသည်။ [1]


စစ်ကိုင်းတိုင်း မင်းကင်းမြို့အနောက်တောင်ဘက် မိုင် ၂၀ ကျော်အကွာ တောင်တွင်းချောင်းဒေသရှိ ပိက္ခရားရွာကို မေလ ၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်အချိန်တွင် စစ်ကောင်စီတပ်က လေယာဉ်ဖြင့် သုံးကြိမ်လှည့်ပတ်ပြီး ဗုံးကြဲပစ်ခတ်ခဲ့သဖြင့် ကလေးငယ် (၃)ဦး အပါအဝင် အရပ်သားပြည်သူ ၇ ဦးသေဆုံးကာ ၁၀ဦး ဒဏ်ရာရရှိခဲ့ပါသည်။ [2] ပေါင် ၅၀၀ ခန့် ရှိသည့်ဗုံးသီး(၃)လုံးသည် ပိက္ခရားရွာ စာသင်ကျောင်းအနောက်ဘက်ရှိ ဘောလုံးကွင်းအတွင်းကျရောက်ခဲ့ခြင်းဖြစ်ပြီး အနက်ပေတစ်ပေမှသုံးပေခန့်ရှိမြေကျင်းများနှင့်အတူ လူနေအိမ် ၂၀ ခန့်ပျက်စီးခဲ့သည်ဟု ဆိုပါသည်။ မြေပြင်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရုတ်တရက် လေကြောင်းတိုက်ခိုက်ခြင်းဖြစ်ရာ ရှောင်တိမ်းချိန်မရသည့်အတွက် ထိခိုက်သေဆုံးမှုများပြားရခြင်း ဖြစ်ကြောင်း ဒေသခံများက ဆိုကြပါသည်။

---

1 ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) ဒုစစ်ဦးစီးချုပ် ကိုမာဝီနှင့် အမေးအဖြေ၊ BNI-MPM ၊ ၂၄ အောက်တိုဘာ ၂၀၂၃။

2 မင်းကင်းတွင် ဗုံးကြဲခံရပြီး ကလေးများအပါအဝင် ၇ ဦး သေ၊ ၁၀ ဦး ဒဏ်ရာရ၊ ၅ မေ ၂၀၂၃၊ မြန်မာနောင်း http://rb.gy/g5fs1

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ BNI-Myanmar Peace Monitor ၏လေ့လာတွေ့ရှိချက်အရ နိုင်ငံတဝှမ်းလုံးရှိ အာဏာသိမ်းစစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများသည် ၂၀၂၁ ခုနှစ်တွင် ၄၆ ရက်၊ ၂၀၂၂ ခုနှစ်တွင် ၁၈၇ ရက်နှင့် ၂၀၂၃ ခုနှစ်(ဇန်နဝါရီမှ နိုဝင်ဘာ ၇ ရက်အထိ)တွင် ၃၅၅ ရက် ရှိခဲ့သဖြင့် ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်များအတွင်း အသုံးပြုခဲ့သည့် အရေအတွက်ထက်ပင် ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။[3] ၂၀၂၃ ခုနှစ် ဧပြီလနှင့် မေလများသည် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်မှု အများဆုံးလများအဖြစ် တွေ့ရှိရပါသည်။ အဆိုပါနှစ်လတာအတွင်း စစ်ကိုင်းတိုင်း၊ ကရင်နီ(ကယား)၊ ကရင်နှင့် ချင်းပြည်နယ်တို့တွင် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများကို အများဆုံးတွေ့ရှိရပါသည်။




3 Military Regime's Airstrikes in Myanmar ၊ Ongoing Dashboard ၊ BNI-MPM ၊ ၇ နိုဝင်ဘာ ၂၀၂၃ https://bit.ly/3T4CoMZ

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်အတွင်း စစ်ကောင်စီတပ်၏ ရဲကင်းစခန်း (၄) ခု တိုက်ခိုက်သိမ်းပိုက်ခံရ[4] သကဲ့သို့ မင်းကင်းမြို့နယ် တောင်တွင်းဒေသ မအူရွာအခြေစိုက် စစ်ကောင်စီ တပ်စခန်းကိုလည်း နွေဦးတော်လှန်ရေးအင်အားစုများ၏ တိုက်ခိုက်သိမ်းပိုက်ခြင်းခံခဲ့ရပါသည်။[5] ကရင်နီ(ကယား)ပြည်နယ်အတွင်းလည်း ဒီးမောဆိုမြို့နယ်အနောက်ခြမ်း၊ အရှေ့ခြမ်း၊ လွိုင်ကော်မြို့နယ် အရှေ့ခြမ်း၊ ဘောလခဲမြို့နယ်တို့တွင် ကရင်နီဒေသတော်လှန်ရေးအင်အားစုများနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲများအပြင်းအထန် ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်မြို့အနီးရှိ စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) စခန်း (၅) ခု တိုက်ခိုက် သိမ်းပိုက်ခံရခြင်း [6] အပါအဝင် ဖာပွန်မြို့နယ် သံလွင်မြစ်ကမ်းနားဘေးရှိ စစ်ကောင်စီ၏ မယ်ခါးထာ့စခန်းကုန်းတိုက်ခိုက်သိမ်းပိုက်ခံရခြင်း၊[7] မြဝတီမြို့နယ် မဲကနယ်ဒေသ တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်ဘက်မှ အကျအဆုံးများပြားခဲ့ခြင်း [8] တို့သည် စစ်အုပ်စု၏ လေကြောင်းမှတဆင့် ထိုးစစ်ဆင် တိုက်ခိုက်မှုများကို ပိုမိုမြင့်တက်စေခဲ့သည်ဟု ဆိုနိုင်ပါသည်။

ကရင်အမျိုးသားအစည်းအရုံး(KNU) ညောင်လေးပင်ခရိုင်၊ တပ်မဟာ (၃) နယ်မြေမှ ပြောရေးဆိုခွင့်ရှိသူ ပဒိုစောခါလ်မဲက "သူတို့ လေယာဉ်ကိုသာ မသုံးရင်၊ လက်နက်ကြီးတွေသာ မသုံးရင် ဒီမှာရှိတဲ့သူတို့လူတွေရဲ့ စခန်းကို မိနစ်ပိုင်းအတွင်း တက်သိမ်းနိုင်တယ်။ အဲ့အတွက် ဒါကို ခုခံကာကွယ်နိုင်ဖို့အတွက်က သူတို့က လေယာဉ်ကို သုံးတယ်။ လက်နက်ကြီးတွေကို သုံးတယ်။ ပြီးတော့ သူတို့တပ် ဖွဲ့စည်းပုံအရကလည်း အဲ့လောက်အင်အားမပြည့်ဘူး"ဟု စစ်ကောင်စီတပ်များ၏ မြေပြင်အခြေအနေကို သုံးသပ်ပြောဆိုထားပါသည်။ [9]

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးနော်ဘူကလည်း "မြေပြင်ကနေ ချီတက်ဖို့ဆိုတာ သူတို့အတွက် အခက်အခဲရှိတယ်လို့ သူတို့ကိုယ်တိုင်

4 ဟုမ္မလင်းမှ ရဲကင်းစခန်း ၄ ခုကို ဒေသကာကွယ်ရေး ပူးပေါင်းတပ်များ တပြိုင်နက် တိုက်ခိုက်သိမ်းပိုက်၊ မဇ္ဈိမ၊ https://tinyurl.com/2qavparh

5 မင်းကင်းမြို့နယ်ရှိ စစ်ကောင်စီစခန်းတခုကို ဒေသကာကွယ်ရေးအဖွဲ့က တိုက်ခိုက်သိမ်းပိုက်၊ ဒီဗွီဘီ၊ https://tinyurl.com/2962lhn4

6 ကရင်ပြည်နယ်ထဲက BGF စခန်း ၅ ခုကို KNLA ပူးပေါင်းတပ်များ သိမ်းပိုက်၊ ဒီဗွီဘီ ၊ https://tinyurl.com/27tk7xvk


7 မယ်ခါးထာ့စခန်းအား ပြန်လည်ရယူရန် စစ်ကောင်စီတပ်က လေကြောင်းနှင့် မြေပြင်တွင် တိုက်ခိုက်မှုပြုလုပ်၊ မဇ္ဈိမ၊ https://tinyurl.com/28rjclo3

8 မဲကနယ်ဒေသ ၂ ရက်တာ တိုက်ပွဲအတွင်း စကစ တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံး၊ မဇ္ဈိမ၊ https://tinyurl.com/24yqwaoh

9 ညောင်လေးပင်ခရိုင်၏ ပြောခွင့်ရ ပဒိုစောခါလ်မဲနှင့် ဆက်သွယ်မေးမြန်းချက်၊ ကေအိုင်စီ၊ https://bit.ly/47a1iit

လည်း ခံစားရတယ်။ ဒါ့ကြောင့် လက်နက်ကြီးနဲ့လေကြောင်းစစ်ဆင်ရေးကို အဓိကသုံးတာဖြစ်နိုင်တယ်”ဟုရှုမြင်ပါသည်။[10] အာဏာသိမ်းစစ်ကောင်စီတပ်အနေဖြင့် တိုက်ပွဲများအတွင်း ၎င်း တို့ဘက်မှ အကျအဆုံးများပြီ၊ အထိနာပြီဆိုလျှင် လေကြောင်းစစ်ဆင်ရေးနှင့် လေကြောင်းမှတဆင့်ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများ အသုံးပြုသည်ကိုတွေ့ရကြောင်း ဗိုလ်မှူးကြီးနော်ဘူက ဆိုပါသည်။

မိမိတို့ BNI-Myanmar Peace Monitor အနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများ၏အကြောင်းအချက်များကို ရှာဖွေတွက်ချက်ရာတွင်လည်း တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်သားများအကျအဆုံးများပြားလေလေ၊ လေကြောင်းတိုက်ခိုက်မှုများ ပိုမိုအသုံးပြုလေလေဖြစ်ကြောင်းတွေ့ရှိရပါသည်။ အောက်ဖော်ပြပါ Line Chart တွင် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးကို ဦးတည်တိုက်ပွဲဝင်နေသည့် နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်အတွင်း စစ်ကောင်စီတပ်သားများ သေဆုံးမှုများလေလေ ၊ နယ်မြေခြေကုတ်ယူစိုးမိုးနိုင်မှု ဆုတ်ယုတ်သွားလေလေ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက် ခိုက်မှုများကို အရှိန်အဟုန်မြင့် တိုက်ခိုက်လေလေဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။





10 ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးနော်ဘူနှင့် အမေးအဖြေ၊ BNI-MPM၊ ၂၆ အောက်တိုဘာ ၂၀၂၃

ပြည်သူလူထု၏ ထောက်ခံအားပေးမှုဖြင့် ချီတက်နေသည်ဆိုသော နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏လေကြောင်းအန္တရာယ်ကိုမကာကွယ်နိုင်သေးသည့်တိုင် အရှိန်မြှင့်လုပ်ဆောင်လာနေသော စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့်ပစ်မှတ်ထားဗုံးကြဲတိုက်ခိုက်မှုများကိုတော့ သတိကြီးစွာဖြင့် ရှောင်လွှဲနိုင်ရန် ပြင်ဆင်ထားသင့်ပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့်လည်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများအား ရပ်တန့်ပစ်နိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းသင့်ပြီဖြစ်ကြောင်း သုံးသပ်ရပါသည်။

## လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်များ

စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စုမှ အရှိန်မြှင့်ထိုးစစ်ဆင်လျက်ရှိသော လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်ထားရာဒေသများကို လေ့လာကြည့်ပါက ရန်ကုန်နှင့် ဧရာဝတီမှလွဲ၍ ကျန်တိုင်းနှင့် ပြည်နယ် (၁၂) ခု စလုံးတွင် စစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို တွေ့ရှိရပါသည်။ ထိုအနက် စစ်ကိုင်းတိုင်းသည် လေကြောင်းတိုက်ခိုက်မှု အများဆုံးခံရသည့် ဒေသအဖြစ်ရှိနေပြီး ကရင်ပြည်နယ်သည် လေကြောင်းတိုက်ခိုက်မှု ဒုတိယအများဆုံးခံရသည့်ဒေသဖြစ်ခဲ့သည်။ ကရင်နီ(ကယား)၊ ကချင်နှင့် ချင်းပြည်နယ်တို့သည်လည်း လေကြောင်းတိုက်ခိုက်မှုအများဆုံးခံရသည့် ဒေသများထဲတွင် ပါဝင်နေပါသည်။ [11]

11 Military Regime's Airstrikes in Myanmar ၊ Ongoing Dashboard ၊ BNI-MPM ၊ ၇ နိုဝင်ဘာ ၂၀၂၃ https://bit.ly/3T4CoMZ





## တိုင်းနှင့်ပြည်နယ်အလိုက် လေကြောင်းတိုက်ခိုက်မှုမှတ်တမ်း

| | |
|---|---|
| စစ်ကိုင်း | ၁၄၃ |
| ကရင် | ၁၂၂ |
| ကရင်နီ | ၇၃ |
| ကချင် | ၆၆ |
| ချင်း | ၄၆ |
| ရှမ်း(တောင်) | ၃၄ |
| မကွေး | ၂၅ |
| ရှမ်း(တောင်) | ၂၄ |
| ပဲခူး (ရှေ့) | ၂၀ |
| ရခိုင် | ၁၆ |
| မွန် | ၁၀ |
| မန္တလေး | ၄ |
| ပဲခူး (နောက်) | ၂ |
| နေပြည်တော် | ၁ |
| တနင်္သာရီ | ၁ |

မိမိတို့ BNI-Myanmar Peace Monitor သည် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ် တိုက်ခိုက်မှုများနှင့် ၎င်းတို့၏အဓိက ပစ်မှတ်များကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ(ERO)၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF)များနှင့် အရပ်သားပြည်သူများဟူ၍ ပစ်မှတ် (၃)ခု သတ်မှတ်ကာ ချဉ်းကပ်လေ့လာခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက် အထိ နိုင်ငံတဝှမ်းလုံးရှိ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှု၏ ၃၈ ဒသမ ၆ ရာခိုင်နှုန်းသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုသည် ၃၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် PDF/LDF များအပေါ် ပစ်မှတ်ထားတိုက် ခိုက်မှုသည် ၂၆ ရာခိုင်နှုန်းရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စုမှ ကျူးလွန်သော လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများ၏ ပထမပစ်မှတ်သည် ERO များ၊ ဒုတိယပစ်မှတ်သည် အရပ်သားပြည်သူများနှင့် တတိယပစ်မှတ်သည် PDF/LDF များဖြစ်ကြောင်း အချက်အလက်များက ညွှန်းပြနေပါသည်။




## • ပထမဦးစားပေး ပစ်မှတ်ထားရသည့် ERO များ

လေကြောင်းတိုက်ခိုက်မှုများ၏ ပထမဦးစားပေးပစ်မှတ်ဖြစ်သော ERO များအား ထပ်မံခွဲခြမ်းစိတ်ဖြာကြည့်ပါ က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ရှုတ်ချပြီး နွေဦးတော်လှန်ရေးအင်အားစုများနှင့်အတူ ရပ်တည်ကာ ပူးပေါင်းဆောင်ရွက်နေသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP/KA)နှင့် ချင်းအမျိုးသားတပ်ဦး (CNF/CNA)တို့သည် စစ်အုပ်စု၏လေကြောင်းမှတဆင့်ဗုံးကြဲတိုက်ခိုက်ခြင်းကို အများဆုံးခံရသည့် အဖွဲ့များဖြစ်ကြောင်း တွေ့ရှိရပါသည်။

ရက္ခိုင့်တပ်တော်(ULA/AA) ၊ တအာင်းလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA)၊ ကိုးကန့်တပ်ဖွဲ့(MNTJP/ MNDAA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်နီပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး(ကလလတ-KNPLF)တို့လည်း စစ်အုပ်စု၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ခံခဲ့ရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် ပထမဆုံး ပူးပေါင်းခဲ့သည့် ချင်းအမျိုးသားတပ်ဦး(CNF/CNA) ဆိုလျှင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက်နေ့များတွင် ထန်တလန်မြို့နယ် အတွင်းရှိ ၎င်းတို့၏ ဌာနချုပ်ဖြစ်ရာ ဗစ်တိုးရီးယား စခန်းကို စစ်ကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရပါသည်။ "အဓိက လေကြောင်းနဲ့တိုက်ခိုက်ခံရတဲ့အကြောင်းအရင်းကတော့ Camp Victoria ဟာ နွေဦးတော်လှန်ရေးကို အစပျိုးတဲ့နေရာမို့လို့ ဗုံးကြဲတာပါ။ ပြီးတော့ PDF တွေကို စစ်သင်တန်းပေးတဲ့ စခန်းမို့လို့လည်း ဗုံးကြဲတာပါ" ဟု တွန်းဇံမြို့ ဒေသကာကွယ်ရေးအဖွဲ့ (CDF-Tonzan)၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇိုမိုမုန်က ပြောပါသည်။ [12]

CNFပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီကတော့ ၎င်းတို့၏ဌာနချုပ်အား လေကြောင်းမှတဆင့် ဗုံးကြဲတိုက် ခိုက်ခံရစဉ်အတွေ့အကြုံများထဲမှ ယနေ့အထိမှတ်မှတ်ရရရှိနေသည့် မြင်ကွင်းတခုကို ယခုလို ပြောပြပါသည်။

"ငါတို့ဘက်က ငါးဦးအသက်ပေးလိုက်ရတယ်၊ ဆေးရုံတက်နေတဲ့ အပြစ်မဲ့ပြည်သူတွေရဲ့ စိုးရိမ်ကြောက်လန့်ပြီး ငါတို့ကို အားကိုးတဲ့ မျက်နှာတွေ ခုထိမြင်ယောင်တုန်းပဲ"။[13]

KNU ထိန်းချုပ်နယ်မြေအတွင်းရှိ "ငြိမ်းချမ်းရေးမြို့တော်" ဟု တင်စားကြသည့် လေးကေ့ကော်မြို့သစ်ကိုလည်း ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်၊ ည ၁၀ နာရီအချိန်တွင် အာဏာသိမ်းစစ်အုပ်စု၏ တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ တဆက်တည်းတွင် စစ်ကောင်စီတပ်များအခြေစိုက်ရာ မယ်ထော့သလေး အမြောက်ကုန်းမှတဆင့် လက်နက်ကြီးများ ဆက်တိုက်ပစ်ခတ်နေသည့်အတွက် လေးကေ့ကော်ဒေသအတွင်းရှိ ဒေသခံ ပြည်သူများနှင့် စစ်ဘေးရှောင်ပြည်သူများ ညတွင်းချင်းပင် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

လေးကေ့ကော်မြို့သစ်၊ (၆) ရပ်ကွက်မှ အသက် (၅၀)အရွယ် ဒေါ်တင်အေးက "အားလုံးလွတ်အောင်ပြေးပဲ။ လေယာဉ်ပျံလာရင် ကြက်ကလေးတွေလိုပဲ ပုန်းရတာ"ဟု စစ်အုပ်စု၏ လေကြောင်းရန်ကို ကြောက်ရွံ့ရပုံကို ရှင်းပြပါသည်။

---


12 ရွေးကောက်ပွဲကိုဆန့်ကျင်ပြီး CDF တွေကိုထောက်ပံ့လို့ CNF ဌာနချုပ် တိုက်ခိုက်ခံရတာဖြစ်၊ အာအက်ဖ်အေ၊ https://bit.ly/482d2mW

13 ချင်းအမျိုးသားတပ်ဦး(CNF) ၊ ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီနှင့် အမေးအဖြေ၊ BNI-MPM၊ ၃၀ အောက်တိုဘာ ၂၀၂၃

## • အရပ်သားပြည်သူများ ပစ်မှတ်ထားတိုက်ခိုက်ခံရမှုအခြေအနေ

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ စစ်အာဏာသိမ်းကာလတလျှောက် အရပ်သားပြည်သူများအပေါ် ပစ်မှတ် ထားတိုက်ခိုက်ခဲ့သည့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုရက်ပေါင်း (၂၀၇) ရက်အား BNI-Myanmar Peace Monitor အနေဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ခဲ့ပါသည်။

အရပ်သားပြည်သူများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း






| | |
|---|---|
| လုပ်ငန်း | ၄ |
| ဘာသာရေးအဆောက်အအုံ | ၆ |
| ကျောင်း | ၇ |
| မြို့ | ၈ |
| ဆေးရုံ | ၈ |
| စစ်ဘေးရှောင်စခန်း | ၈ |
| ရွာ | ၁၆၆ |


အရပ်သားပြည်သူများအပေါ် လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်မှုများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် အရပ်သားပြည်သူများနေထိုင်ရာ နိုင်ငံတဝှမ်းလုံးရှိ ကျေးရွာများ ဖြစ်နေသည်ကို တွေ့ရပါသည်။ စစ်ဘေးရှောင် စခန်းများ၊ ဆေးရုံ-ဆေးပေးခန်းများ၊ မြို့ပေါ် ရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံ များနှင့် စီးပွားရေး လုပ်ငန်းခွင်များသည်လည်း စစ်အုပ်စု၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်း ခံနေရသည်ကို တွေ့ရသည်။


## အရပ်သားပြည်သူများကို ပစ်မှတ်ထားကာ လေကြောင်း တိုက်ခိုက်မှုများကို တိုင်းနှင့်ပြည်နယ်အလိုက် ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း













အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံတဝှမ်းလုံးရှိ ပြည်နယ်နှင့်တိုင်း (၁၁) ခုမှ ရာနှင့်ချီသော ကျေးရွာများအပေါ် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခဲ့ပြီး စစ်ကိုင်း၊ ကရင်၊ ကရင်နီ(ကယား) နှင့် ကချင်ပြည်နယ်တို့ အတွင်းရှိ ကျေးရွာများသည် အများဆုံးတိုက်ခိုက်ခံခဲ့ရပါသည်။ စစ်ဘေးရှောင်စခန်းများအပေါ် ပစ်မှတ်ထားသည့် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုတော့ ကရင်နီ(ကယား) ပြည်နယ်တွင် အများဆုံးတွေ့ရှိရပါသည်။ ဆေးရုံ-ဆေးပေးခန်းများအပေါ် ပစ်မှတ်ထားခဲ့သည့် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို မကွေး၊ ကရင်နီ(ကယား)၊ ရှမ်း(တောင်ပိုင်း)၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းတို့ တွင် တွေ့ရှိရသည်။

မြို့ပေါ်ရပ်ကွက်များအပေါ် လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို ချင်း၊ ကရင်နီ(ကယား)၊ စစ်ကိုင်း၊ ရှမ်း(တောင်ပိုင်း)၊ ရှမ်းမြောက်ပိုင်းဒေသများတွင် တွေ့ရှိရပြီး စာသင်ကျောင်းများအပေါ် လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကိုတော့စစ်ကိုင်း၊ကရင်နီ(ကယား)၊ကရင်နှင့်ချင်းဒေသများတွင်တွေ့ရှိရပါသည်။ ဘာသာရေးအဆောက်အအုံများအပေါ်လေကြောင်းမှတဆင့်ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို စစ်ကိုင်း၊ ကရင်နှင့် ရှမ်း(တောင်)ပိုင်းတို့တွင် တွေ့ရှိရပြီး စီးပွားရေးဆိုင်ရာ လုပ်ငန်းခွင်အတွင်း လေကြောင်း မှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကိုတော့ ကရင်၊ ကရင်နီ(ကယား)နှင့် ချင်းပြည်နယ်တို့တွင် တွေ့ရှိရပါ သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်၊ ည (၁၂)နာရီအချိန်၊ KNU ထိန်းချုပ်နယ်မြေ ဘုရားသုံးဆူမြို့နယ် မက္ကသာရွာ အနီးရှိ ခနောက်စိမ်းသတ္တုတူးဖော်ရာ သပြုသတ္တုမိုင်းတွင်းကို အာဏာသိမ်းစစ်အုပ်စုက ဂျက်လေယာဉ်ဖြင့်ပုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် လုပ်ငန်းခွင်ရှိ အရပ်သား(၃)ဦး သေဆုံးခဲ့သည်။ "လေယာဉ်က ၂ ခေါက်လာတာ ပုံးက (၂)ခါ ကြဲသွားတယ်။ အကုန်လုံးတော့ ပြာကျသွားပြီး။ စက်ရုံထဲမှာ ရှိတဲ့ပစ္စည်းတွေလည်း အကုန်လုံးကုန်ပြီ။ ကားလည်း ၂ စီးပျက်စီးသွားတယ်။ သေဆုံးမှုက ၃ ယောက်ရှိတယ်" ဟု မိုင်းတွင်းလုပ်သားတစ်ဦးက ပြောပါသည်။ [14]



Photo: CJ

14 သပြုသတ္တုမိုင်းတွင်း စစ်ကောင်စီတပ်၏ ပုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား(၃)ဦးသေဆုံးပြီး (၄)ဦးဒဏ်ရာရရှိ၊ ကေအိုင်စီ၊ https://bit.ly/48lf9Tl

အရပ်သားပြည်သူများ ရှိနေမှန်းသိပါလျက် ဗုံးကြဲတိုက်ခိုက်မှုကိုကျူးလွန်သော စစ်အုပ်စု၏ လုပ်ရပ်သည် စစ်ရာဇဝတ်မှုမြောက်ပြီး ကန့်ကွက်ရှုတ်ချကြောင်း KNU ပြောရေးဆိုခွင့်ရှိသူ ပဒိုစောတောနီးက ပြောပါသည်။ KNU အနေဖြင့် အုပ်ချုပ်ရေးနယ်မြေများရှိသလို ဌာနဆိုင်ရာလုပ်ငန်းများလည်းရှိပြီး KNU ၏ ဌာနပေါင်း (၁၄) ခုအနက် သတ္တုတွင်းဌာနသည် တစ်ခုအပါအဝင်ဖြစ်ကြောင်းနှင့် တောင်ငူခရိုင်မှ တနင်္သာရီ၊ မြိတ်၊ ထားဝယ်ခရိုင်အထိ သတ္တုတွင်းလုပ်ငန်းများ လုပ်ကိုင်နေသကဲ့သို့ လုပ်ငန်းခွင်အတွင်းတွင်လည်း ဒေသခံပြည်များအပြင် အခြားသောတိုင်းနှင့် ပြည်နယ်အသီးသီး လာရောက်အလုပ်လုပ်ကိုင်သူများလည်းရှိနေကြောင်း ပဒိုစောတောနီးကရှင်းပြသည်။လေကြောင်းတိုက်ခိုက်မှုကြောင့်ဒဏ်ရာရရှိသူများထဲတွင် အသက် (၅၂) နှစ်အရွယ် တရုတ်နိုင်ငံသား ဇုဂျင်းမေဆိုသူလည်း ပါဝင်ကြောင်း သိရသည်။ [15]

အာဏာသိမ်းစစ်အုပ်စုအနေဖြင့် စစ်မြေပြင်တိုက်ပွဲများအတွင်း ၎င်းတို့ဘက်မှ အထိနာပြီး အကျအဆုံးများ သည့်အချိန်တိုင်းတွင် လေတပ်ကိုခေါ်ယူကာ ဗုံးကြဲပစ်ခတ်တိုက်ခိုက်လေ့ရှိသည်မှာ သဘာဝတစ်ခုလို ဖြစ်နေ သော်လည်း နောက်ပိုင်းကာလများအတွင်း ထူးခြားချက်အဖြစ် စစ်ရေးပစ်မှတ်မဟုတ်သော စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် တေးဂီတဖျော်ဖြေပွဲကအစ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်မှုများ ပြုလုပ်နေကြောင်း တွေ့ရှိရသည်ဟု ပဒိုစောတောနီးက ပြောပြပါသည်။ "မြေပြင်မှာ သူတို့တပ်တွေကလုံးဝကိုအခြေမလှဘူး။ အကုန်လုံးအကွဲကွဲအလဲလဲဖြစ်နေတော့ လူထုကို ရန်ရှာတော့တာ" ဟု ပဒိုစောတောနီးက ကောက်ချက်ချသည်။


## • မြို့ပြဒေသအလိုက် PDF/LDF များ ပစ်မှတ်ထားတိုက်ခံရမှု

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအထိ ရည်မျှော်ကာ ခုခံတော်လှန်တိုက်ပွဲ ဝင်နေကြသည့် နိုင်ငံတဝှမ်းလုံးရှိ ရာနှင့်ချီသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များသည် ပြည်သူလူထု၏ ထောက်ခံအားပေးမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များ၏ထောက်ကူပံ့ပိုးခြင်းတို့အား ရရှိနေကြသည့်တိုင် စစ်အုပ်စု၏ လေကြောင်းရန်ကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခံနေရပါသည်။

---

15 မိုင်းတွင်းဗုံးကြဲတိုက်ခိုက်ခံရမှု KNU ဗဟို ပြောခွင့်ရသူ ပဒိုစောတောနီးနှင့်မေးမြန်းချက်၊ အာအက်ဖ်အေ၊ https://bit.ly/3RbEbNw

မြို့ပြဒေသအလိုက် PDF/LDF များအပေါ် လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်အခြေအနေ




အထက်ဖော်ပြပါ Rader Chart ကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီ(ကယား) ပြည် နယ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများရှိ မြို့ပြဒေသအလိုက် PDF/LDF များသည် စစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို အများဆုံးခံခဲ့ရသည်ကို တွေ့နိုင်ပါသည်။

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ပြည်နယ်နှင့် တိုင်း (၉) ခုမှ မြို့နယ်ပေါင်း ၅၃ ခု အတွင်းရှိ PDF/LDF များအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်သည်ကို တွေ့ရသည်။ ကရင်နီ(ကယား)ပြည်နယ် ဒီးမော့ဆိုမြို့နယ်နှင့် ရှမ်း-ကရင်နီနယ်စပ် ဖယ်ခုံမြို့နယ်တို့သည် စစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ် တိုက်ခိုက်မှု အခံရဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်း တမူးနှင့် ဟုမ္မလင်းမြို့နယ်၊ ချင်းပြည်နယ် မင်းတပ်နှင့် ဖလမ်းမြို့နယ်တို့သည်လည်း စစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှု ဒုတိယ အများဆုံးမြို့နယ်များ ဖြစ်နေပါသည်။

၂၀၂၃ ခုနှစ် မေလ ၂၇ ရက်၊ ကရင်နီ(ကယား)ပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကရင်နီဒေသတွင်း ရှေ့တန်းစစ်မျက်နှာတွင် ဆေးကုသမှုပေးနေကြသည့် Medic Unit (Demoso) မှ ဆေးတပ်ဖွဲ့ဝင် အမျိုးသမီးနှစ်ဦး၊ အမျိုးသားနှစ်ဦး ကျဆုံးခဲ့ရပြီး ကျဆုံးခဲ့ရသူ (၄)ဦးသည် အသက် (၁၇)နှစ်မှ (၂၃)နှစ် အကြား လူငယ်များဖြစ်ကြောင်း ကယား (ကရင်နီ) တော်လှန်ရေးတပ်ပေါင်းစု (KRU)မှ ပြန်ကြားရေးတာဝန်ခံ ကိုလင်းလင်းက ပြောပါသည်။ "စစ်ကောင်စီက လေကြောင်းကို ခါတိုင်းထက်ပိုပြီး တိုက်ပွဲဖြစ်ပြီဆိုတာနဲ့ လေယာဉ်နဲ့ ဗုံးလာကြဲတာမျိုးတွေပဲ တောက်လျှောက် လုပ်နေတော့ ကိုယ့်ဖက် လည်း အထိအခိုက်တွေရှိတာပေါ့။ လေကြောင်းကို ကာကွယ်ဖို့ အတွက်ကလည်း အဆင်သင့်မဖြစ်သေးဘူး" ဟု ၎င်းက ဆိုပါသည်။ [16]

မိမိတို့ BNI - Myanmar Peace Monitor အနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားဗုံးကြဲတိုက်ခိုက်မှုများကို ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်ရာ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် မြို့ပြဒေသအလိုက် PDF/LDF များအား နည်းပညာနှင့် စစ်သင်တန်းကအစ ထောက်ကူပံ့ပိုးပေးလျက်ရှိသည့် ERO များသည် စစ်အုပ်စု၏ဦးစားပေး လေကြောင်းပစ်မှတ်များ ဖြစ်နေသကဲ့သို့ စစ်အာဏာသိမ်းမှုအားဆန့်ကျင်ပြီး နွေဦးတော်လှန်ရေးအင်အားစုများအား ထောက်ခံအားပေးလျက်ရှိသော အရပ်သား ပြည်သူများသည်လည်း စစ်အုပ်စု၏ ဦးစားပေး လေကြောင်းပစ်မှတ်များ ဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။

မြေပြင်တိုက်ပွဲများအတွင်း ပြည်သူလူထုနှင့် အနီးကပ်ဆုံးတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိသူ KNDF ဒုစစ်ဦးစီးချုပ် ကိုမာဝီက "တော်လှန်ရေးအဖွဲ့တွေက ပြည်သူကို အခြေပြုတဲ့အဖွဲ့တွေဆိုတော့ ပြည်သူတွေ လန့်အောင်၊ ပြည်သူတွေကြောက်အောင်လို့လူထုတွေကို Target ထားတာ။ ပြည်သူကို တိုက်တာ ပိုထိရောက်တယ်လို့ သူတို့မြင်ပုံရတယ်။ ဒါပေမယ့် ဒါကမှားတယ်" ဟု သုံးသပ်ပါသည်။ စစ်အုပ်စု၏လေကြောင်းတိုက်ခိုက်မှု ပစ်မှတ်ထားပုံသည် ထိချင်ရာထိဆိုသည့် ပုံစံမျိုးဖြစ်ပြီး စစ်ရေးပစ်မှတ်မဟုတ်ဘဲ အရပ်သားပြည်သူများ အပေါ် ရည်ရွယ်ချက်ရှိစွာ ပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်ကြောင်း ကိုမာဝီက ဆိုပါသည်။

16 လေကြောင်းတိုက်ခိုက်မှုကြောင့် Medic Unit (Demoso) မှ ဆေးတပ်ဖွဲ့ဝင် ၄ ဦးကျဆုံး၊ မဇ္ဈိမ၊ https://bit.ly/47HP2pE

# မိုးကောင်းကင်မှ မိစ္ဆာများ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများ

မိမိတို့ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရအရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူပေါင်း ၅၆၆ ဦးအထိ ရှိနေပြီဖြစ်သည်။ ထိုအထဲတွင် (၅) ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သေဆုံးဖြစ်ရသည့် ဖြစ်စဉ်ပေါင်း ၂၃ ခုအထိ ရှိခဲ့သည်ကို တွေ့ရသည်။

လေ့လာတွေ့ရှိချက်အရ စစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကြောင့် (၅)ဦးနှင့် အထက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်များကို ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်နှင့် ထန်တလန်မြို့နယ်၊ ကချင်ပြည်နယ် ဖားကန့်နှင့် ဝိုင်းမော်မြို့နယ်၊ ကရင်နီ(ကယား)ပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ ကရင်ပြည်နယ်ဖာပွန်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းလောက်ကိုင်မြို့နယ်၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ မကွေးတိုင်းဂန့်ဂေါနှင့် ဖောင်းပြင်မြို့နယ်တို့တွင် တွေ့ရှိခဲ့ရပါသည်။ စစ်ကိုင်းတိုင်းတွင်တော့ ချောင်းဦး၊ ကလေး၊ ကန့်ဘလူ၊ ကသာ၊ မင်းကင်း၊ ပုလဲ၊ စစ်ကိုင်း၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်တို့ တွင် အစုလိုက်အပြုံလိုက်သေဆုံးမှုများကို တွေ့ရှိခဲ့ရပါသည်။ ထိုအနက် ပဇီကြီးဖြစ်စဉ်၊ အနန့်ပါဖြစ်စဉ်၊ လက်ယက်ကုန်းဖြစ်စဉ်နှင့် မုန်လိုင်ခက်ဖြစ်စဉ်တို့သည် အာဏာသိမ်းစစ်အုပ်စု၏ ဆိုးယုတ်မှုများကို ထင်ရှားစေခဲ့ပါသည်။

## • ပဇီကြီးဖြစ်စဉ် [17]

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်၊ နံနက် ၇နာရီ ၄၅ မိနစ်ခန့်အချိန်၊ စစ်ကိုင်းတိုင်းကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအုပ်စု ပဇီကြီးရွာအား အာဏာသိမ်းစစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက် ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသူပေါင်း ၁၆၈ ဦး ရှိခဲ့သည်။ ထိုအထဲ အသက် (၅) နှစ်အောက် ကလေးငယ် ၆ ဦး၊ အသက် (၅)နှစ်မှ (၁၄)နှစ်အကြား ကလေးငယ် ၁၉ ဦး၊ အသက် (၁၄) နှစ်မှ (၁၈)နှစ်အကြား ကလေးငယ် ၅ ဦး၊ အသက်အရွယ်ခွဲခြားမရသည့် ကလေးငယ် ၁၀ဦး၊ အသက် (၁၈)နှစ်အထက် လူကြီး ၉၇ ဦး နှင့် အသက်ခွဲခြားမရသည့် လူကြီး ၃၁ ဦး ပါဝင်ကြောင်း ဧပြီလ ၁၆

17 တစ်နိုင်ငံလုံးမှ ကုသိုလ်အမျှ ပဇီကြီးမှ ရပါစေ၊ WNR – Issue 100 ၊ BNI-MPM၊ https://bit.ly/47KZFbk

ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်အရ အကြီးစားကုသမှု ခံယူနေရသူ (၁၆)ဦး ရှိနေပြီး အသက် (၈) နှစ်အရွယ် ကလေးငယ် အပါအဝင် (၁၈)နှစ်အောက် ကလေး ၅ ဦးနှင့် အသက် (၁၈) နှစ်အထက် လူကြီး ၁၁ ဦး ပါဝင်နေသည်ကို တွေ့ရပါသည်။



*စစ်ကောင်စီက လေကြောင်းမှ တိုက်ခိုက်ခဲ့သည့် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်အရှေ့ပိုင်းရှိ ပဇီကြီးရွာတွင် ဧပြီ ၁၁ ရက်က တွေ့ရသည့် အပျက်အစီးနှင့် ရုပ်ကြွင်းများ။*

အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ပဇီကြီးရွာ အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့် ၁၆၈ ဦးထဲတွင် ရပ်ရွာအဆင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)တာဝန်ထမ်း ဆောင်နေသူ ၁၂ ဦး၊ ပြည်သူ့လုံခြုံရေးအဖွဲ့(ပလဖ)တာဝန်ထမ်းဆောင်နေသူ ၂ဦးနှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)တာဝန်ထမ်းဆောင်နေသူ ၄ ဦး စုစုပေါင်း ၁၈ ဦးပါဝင်ကြောင်း NUG ဝန်ကြီးချုပ်ရုံး ပြောခွင့်ရသူ ဦးနေဘုန်းလတ်က ပြောဆိုထားပါသည်။

## • အနန့်ပါဖြစ်စဉ် [18]

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်၊ ည ၉ နာရီဝန်းကျင်အချိန်။ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တည် ထောင်ခြင်း ၆၂ နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် အကြိုဂီတဖျော်ပွဲကျင်းပရာ ဖားကန့်မြို့နယ် အနန့်ပါ (ANang Pa)ဒေသကို စစ်ကောင်စီတပ်က တိုက်လေယာဉ်သုံးစီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ရာနှင့်ချီသော လူစုလူဝေးရှိရာ ပျော်ပွဲ

---

18 အစုလိုလိုက် အပြုံလိုက်သတ်ဖြတ်နိုင်သော အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းရန် ၊ WNR – Issue 77 ၊ BNI-MPM၊ https://bit.ly/3RbPBB7

ရှင်ပွဲပေါ်သို့ ဗုံးသုံးလုံး ကြဲချခြင်းဖြစ်သဖြင့် ကနဦးသေဆုံးသူ ၅၀ ကျော်နှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ရာချီအထိ ရှိခဲ့ပါသည်။ စစ်ကောင်စီတပ်များက ဗုံးကြဲချပြီး သုံးရက်ကြာသည်အထိ သွားလာခွင့် ပိတ်ဆို့ထားသဖြင့် ထိခိုက်ဒဏ်ရာ ရရှိသူများအတွက် ဆေးကုသခွင့်ရရှိရေးအခက်ကြုံကာ သွေးထွက်လွန်ကာ သေဆုံးခဲ့ရသူများလည်း ရှိခဲ့ကြောင်း ဒေသအခြေစိုက် Kachin News Group က ဆိုပါသည်။



ဗုံးကြဲခံရမှုကြောင့် သေဆုံးသွားသော ရုပ်အလောင်း ၆၀ကျော်ကို အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ရက်များတွင်မှ ဖားကန့်မြို့နယ် ကံစီး(Ginsi)ရွာအထက်ပိုင်း ဘော်ဆာဒီးဧကျေးရွာ၏ ဥရုချောင်းတစ်ဖက်ကမ်းတွင် မြေမြှုပ်သင်္ဂြိုလ်ခဲ့ရပါသည်။ အောက်တိုဘာ ၂၆ရက်နေ့တွင် ထိခိုက်ဒဏ်ရာရရှိသူများထဲမှ ၃ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ဗုံး ကြဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူ ၆၆ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

အသက်မသေဘဲ လွတ်မြောက်လာခဲ့သူ ဖားကန့်ဒေသခံတစ်ဦးက “သေဆုံးသူက ပိုများနိုင်တယ်။ တောင်ဘက် အထိတောင် ဦးခေါင်းခွံတွေ၊ အသားစတွေ လွင့်သွားတာတောင် များတယ်။ ပျောက်သွားတဲ့ဟာတွေလည်း ရှိတယ်။ လေယာဉ်က ဗုံးကျတဲ့ ပေတစ်ရာကျော်ထိ ခန္ဓာကိုယ်အပိုင်းအစ တွေ ပြန့်ကျဲနေတာ။ လူတွေလည်း လွင့်ထွက်သွားတယ်”ဟု သူကြုံတွေ့ခဲ့ရသည့်အခြေအနေကို ပြန်ပြောပြခဲ့သည်။

## • လက်ယက်ကုန်းဖြစ်စဉ် [19]

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာတွင် ဒေသခံများ ဖွင့်လှစ်ထားသော ကိုယ်ထူကိုယ်ထစာသင်ကျောင်း တစ်ကျောင်းကို အာဏာသိမ်းစစ်ကောင်စီတပ်က လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပညာသင်ကြားနေသည့် ကလေးသူငယ် ၆ ဦး သေဆုံးခဲ့ပြီး၊ ကလေးသူငယ်အများအပြား အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။ တိုက်လေယာဉ်နှစ်စီးဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် စစ်ကောင်စီ၏ မြေပြင်တပ်ဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာရရှိနေကြသည့် ကလေးငယ်များအပါအဝင် ကျောင်းဝန်းအတွင်း ပိတ်မိနေသော ကျောင်းသား၊ကျောင်းသူနှင့် ဆရာ၊ဆရာမ၂၀ဦးခန့်ကို ဖမ်းဆီးကာ ရေဦးမြို့သို့ ပို့ဆောင်ခဲ့သည်။

"ထိမှန်တဲ့ ကလေးတွေကို ဘုန်းကြီးကျောင်းက ကားနဲ့ရေဦးကိုခေါ်သွားတယ်။ ဒီခွေး (စစ်ကောင်စီတပ်သား)တွေက ကလေးတွေအကြောင်းကိုပျောက်စေချင်လို့ ထိခိုက်ဒဏ်ရာရထားတဲ့ ကလေးတွေနဲ့ အလောင်းတွေကို ရေဦးတန်းပို့တာ။ မြင်လိုက်တဲ့သူပြောတာက သေသွားတဲ့ ကလေး ၄ ယောက်ကိုအိတ်နဲ့ထည့်သွားတာ။ ရေဦးရောက်မှ ကလေး၂ယောက် ထပ်သေတယ်" ဟု လက်ယက်ကုန်းရွာ ဒေသခံတစ်ဦးက Burma VJ သတင်းဌာနကို စက်တင်ဘာ ၁၇ ရက်တွင် အတည်ပြုထားပါသည်။


## • မုန်လိုင်ခက်ဖြစ်စဉ် [20]

၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ရက်၊ ညသန်းခေါင်အချိန် ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက် (Munglai Hkyet) စစ်ရှောင်စခန်းမှ အရွယ်မရောက်သေးသည့် ကလေးငယ် (၁၁)ဦး၊ အမျိုးသမီး (၁၅) ဦးနှင့် အမျိုးသား (၃) ဦး စုစုပေါင်း အရပ်သားပြည်သူ (၂၉)ဦး သေဆုံးခဲ့ရသည်။ ဖြစ်စဉ်အတွင်း ပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့သူ (၅၇) ဦး အထိရှိခဲ့ပြီးလိုင်ဇာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူခဲ့ရသည်။ ယခုအခါဒဏ်ရာရရှိသူအများစုသည် ဆေးရုံမှဆင်းနိုင်ခဲ့ပြီဖြစ်သော်လည်း ကလေးငယ် (၈)ဦး အပါအဝင် (၂၀) ဦးသည် ဆက်လက်ကုသမှုခံယူနေဆဲဖြစ်ကြောင်း BNI-Myanmar Peace Monitor၏မြေပြင်သတင်းထောက်က အောက်တိုဘာလ ၁၂ ရက် မွန်းလွဲပိုင်းတွင် အတည်ပြုနိုင်ခဲ့သည်။

19 လက်ယက်ကုန်းက ဖြစ်ရပ်ဆိုး၊ WNR – Issue 72 ၊ BNI-MPM၊ https://bit.ly/47I4RfM

20 မုန်လိုင်ခက် စစ်ရှောင်စခန်း ဗုံးကြဲတိုက်ခိုက်ခံရမှု ၊ WNR – Issue 77 ၊ BNI-MPM၊ https://bit.ly/3uGh3ix

မုန်လိုင်ခက်စစ်ရှောင်စခန်းသည် စစ်ရှောင်စခန်းတစ်ခုထက် ပိုသည်။ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ထိန်းချုပ်ရာ လိုင်ဇာမြို့နယ်ထဲမှ အိမ်ထောင်စုပေါင်း ၁၆၈ စုရှိသောကျေးရွာတစ်ရွာဖြစ်သည်။ စစ်ဘေးရှောင်ပြည်သူများနှင့်ဒေသခံပြည်သူပေါင်း၆၅၈ ဦး နေထိုင်ရာ မုန်လိုင်ခက်စစ်ရှောင်စခန်းသည် KIO ထိန်းချုပ်နယ်မြေ အတွင်းရှိ နန်ဆန်ယန် - လိုင်ဇာ ကားလမ်းမကြီးဘေးတွင် ရှိသည်။





"ပေါက်ကွဲအား တအားပြင်းတော့ လေယာဉ်နဲ့ ကြဲချသွားတယ်လို့ ထင်ကြတာ။ ဒါပေမယ့် ဒေသခံ ဘယ်နှစ်ယောက်ကို မေးမေး လေယာဉ်သံကို ဘယ်သူမှမကြားရဘူးလို့ ဖြေတယ်။ အုန်း..အုန်း.. အုန်း..ဆိုပြီး ပေါက်ကွဲသံ သုံးကြိမ်ကြားရတယ်လို့ ဖြေပါတယ်။ တရွာလုံး အိမ်တွေပျက်စီးသွားတယ်။ မပျက်စီးတဲ့အိမ် မရှိသလောက်ပဲ" ဟု BNI - Myanmar Peace Monitor ၏ မြေပြင်သတင်းထောက်က ပြန်ပြောပြသည်။

KIO ထိန်းချုပ်နယ်မြေ လိုင်ဇာမြို့နယ်အတွင်း ၂ နှစ်ကျော်နေထိုင်ကာ သတင်းရယူခဲ့သည့် သူ့အတွေ့အကြုံ အရ နန့်ဆန်ယန် - လိုင်ဇာ ကားလမ်းမဘေးရှိ မုန်လိုင်ခက် စစ်ရှောင်စခန်းတည်ရှိရာ ပတ်ဝန်းကျင်တွင် မည်သည့်ပေါက်ကွဲစေနိုင်သည့် အရာမျိုးကိုမှ မြင်တွေ့ခဲ့ရခြင်းမရှိကြောင်း မြေပြင်သတင်းထောက်က ဆိုပါသည်။

# စစ်အုပ်စု၏ လေတပ်စခန်းနှင့် လေယာဉ်များ

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်၊ တပ်မတော်(လေ) အက်ဥပဒေ ပြဌာန်းခြင်းဖြင့် စတင်သန္ဓေတည်လာခဲ့သည့် လက်ရှိအာဏာသိမ်းစစ်အုပ်စု လက်အောက်ခံ လေတပ်တွင် တိုက်ခိုက်ရေးလေယာဉ်ပေါင်း (၉၁) စီး၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်ပေါင်း (၇၅)စီး၊ တိုက်ခိုက်ရေးဆိုင်ရာ လေ့ကျင့်ရေးအတွက် အသုံးပြုသည့် လေယာဉ်နှင့် ရဟတ်ယာဉ်ပေါင်း (၉၃)စီး၊ ပို့ဆောင်ရေးလေယာဉ်နှင့် ရဟတ်ယာဉ်(၃၁) စီး၊ အထူးစစ်ဆင်ရေးတာဝန်များတွင်အသုံးပြုသော BN-2(MPA) အမျိုးအစားလေယာဉ်(၅)စီး၊ စုစုပေါင်း လေယာဉ်၊ ရဟတ်ယာဉ်အစီးရေ (၇၉၇) စီးရှိနေကြောင်း Fight Global ကထုတ်ပြန်သည့် ကမ္ဘာ့လေကြောင်းအင်အားအစီရင်ခံစာ(၂၀၂၄) တွင် ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာအရ အာဏာသိမ်းစစ်အုပ်စုသည် အဆင့်မြင့်တိုက်ခိုက်ရေး လေယာဉ်အမျိုးအစားဖြစ်သည့် Su-30 (၄) စီး၊ JF-17 အမျိုးအစားတိုက်ခိုက်ရေးလေယာဉ် (၉)စီးနှင့် K-8 အမျိုးအစားလေ့ကျင့်တိုက်ခိုက်ရေး လေယာဉ် (၅၀) စီးကိုလည်း ဝယ်ယူရန် ပြင်ဆင်နေသည်ဟု ဆိုပါသည်။ [21]




| Type | Active | Ordered |
|---|---|---|
| Z-9 | 2 | |
| Training aircraft/helicopters | | |
| EMB-312 | 5 | |
| SF-260 | 2 | |
| **MEXICO** — Mexican Air Force | | |
| Type | Active | Ordered |
| Combat aircraft | | |
| F-5E | 3 | |
| PC-7 | 33 | |
| Special mission | | |
| Citation I (Recce) | 2 | |
| ERJ-145 (AEW) | 1 | |
| ERJ-145 (MPA) | 2 | |
| King Air 350 (Recce) | 2 | |
| Transport | | |
| 737 | 3 | |

| Type | Active | Ordered |
|---|---|---|
| Combat helicopter | | |
| Mi-2 | 1 | |
| Mi-8 | 1 | |
| **MONGOLIA** — Mongolian Air Force | | |
| Type | Active | Ordered |
| Transport | | |
| An-26 | 3 | |
| Combat helicopter | | |
| Mi-8/171 | 6 | |
| Training aircraft/helicopters | | |
| MiG-29 | 2 | |
| **MONTENEGRO** — Montenegrin Air Force | | |
| Type | Active | Ordered |
| Combat helicopter | | |
| Bell 412 | 3 | |

| MYANMAR — Myanmar Air Force | | |
|---|---|---|
| Type | Active | Ordered |
| Combat aircraft | | |
| A-5 | 20 | |
| F-6 | 1 | |
| F-7 | 20 | |
| FTC-2000 | 6 | |
| JF-17/B | 7 | 9 |
| MiG-29 | 28 | |
| Su-30 | 2 | 4 |
| Special mission | | |
| BN-2 (MPA) | 5 | |
| Transport | | |
| ATR 42/72 | 6 | |
| Beech 1900 | 7 | |
| PC-6 | 5 | |

| Type | Active | Ordered |
|---|---|---|
| Y-8 | 6 | |
| Y-12 | 7 | |
| Combat helicopter | | |
| Bell 205 | 2 | |
| Bell 206 | 3 | |
| Bell 212 | 1 | |
| Mi-2 | 22 | |
| Mi-8/17 | 13 | |
| Mi-24 | 9 | |
| SA316/SE3160 | 13 | |
| W-3 | 12 | |
| Training aircraft/helicopters | | |
| FT-7 | 6 | |
| G-4 | 3 | |
| G120TP | 20 | |
| H120 | 3 | |
| K-8 | 12 | 50 |
| MiG-29 | 5 | |
| PC-7 | 16 | |
| PC-9 | 10 | |
| Yak-130 | 18 | |
| United Wa State Army | | |

| Type | Active | Ordered |
|---|---|---|
| Combat aircraft | | |

21 2024 World Air Forces directory ၊ fight global ၊ https://bit.ly/3T7sdHv


စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှု အပါအဝင် အကြမ်းဖက်လုပ်ရပ်များအား စောင့်ကြည့်မှတ်တမ်းပြုအစီရင်ခံလျက်ရှိသည့် Myanmar Witness အဖွဲ့ကတော့ စစ်အုပ်စု၏လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများ တွင် အသုံးပြုလေ့ရှိသည့် လေယာဉ်အမျိုးအစားများအနက် Yak-130၊ MiG-29 နှင့် K-8 အမျိုးအစားသုံးခုကို ဖော်ထုတ်တင်ပြထားပါသည်။ စစ်အုပ်စုတွင် နံပါတ် ၁၈၀၁ မှ ၁၈၂၀ အထိ Yak-130 (၂၀)စီး၊ နံပါတ် ၂၇၀၁ မှ ၂၇၃၇ အထိ MiG-29 (၃၇)စီး၊ နံပါတ် ၃၉၀၆ မှ ၃၉၃၄ အထိ K-8 (၁၆) စီး ပိုင်ဆိုင်ထားသည်ကို တွေ့ရသည်။ [22]

Yak-130 အမျိုးအစားတိုက်ခိုက်ရေးလေယာဉ်များကို မှော်ဘီ၊ တံတားဦးနှင့် ရှမ်းတဲ လေတပ်စခန်းများတွင် တွေ့ရပြီး MiG-29 တိုက်လေယာဉ်များကိုမူ မှော်ဘီ၊ ရှမ်းတဲအပြင် မကွေးနှင့် တောင်ငူလေတပ်စခန်းများတွင်ပါ တွေ့ရကြောင်း Myanmar Witness က အစီရင်ခံထားသည်။ K-8 အမျိုးအစားဂျက်လေယာဉ်များကို တောင်ငူ၊ ရှမ်းတဲနှင့် မြစ်ကြီး နား - နမ်းပုန်လေတပ်စခန်းတို့တွေ့ရှိရပါသည်။ (နိုင်ငံတဝှမ်းရှိ လေတပ်စခန်း (၂) ခုအား မြေပုံတွင် လေ့လာနိုင်ပါသည်။)

22 AIRCRAFT ၊ Myanmar Witness ၊ https://bit.ly/3RbVm1o

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR




# အာဏာသိမ်း စစ်ကောင်စီ၏ လေတပ်ဌာနချုပ် တည်နေရာ ၁၂ ခု

ချင်းအမျိုးသားတပ်ဦး(CNF/CNA) ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီကတော့ ချင်းပြည်နယ်အတွင်း လာရောက်တိုက်ခိုက်သည့် စစ်အုပ်စု၏ လေယာဉ်အများစုသည် Mi-35၊ Yak -130၊ A5 Bomber နှင့် SU 30 တို့ ဖြစ်သည်ဟုဆိုပါသည်။ နေပြည်တော်၊ မကွေး၊ တံတားဦး၊ မုံရွာနှင့် ကလေးလေတပ်တို့မှ လာရောက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုပါသည်။ [23]

ကရင်နီ(ကယား)ဒေသအတွင်းတွင်တော့ Mi 35၊ ဟယ်ရီကော်ပတာနှင့် Yak 130 တို့ကို အများဆုံးတွေ့ရှိရ သော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကစပြီး SU 30နှင့် ကင်းထောက်လေယာဉ်အညိုရောင်တို့ကိုပါ တွေ့ရှိလာရကြောင်း KNDF ဒုစစ်ဦးစီးချုပ် ကိုမာဝီက ရှင်းပြပါသည်။ [24]


"SU 30 ကပိုမြန်တယ်၊ပိုပစ်နိုင်တယ်။ အသံလည်းအရမ်းကျယ်တယ်။ အပေါ် အောက် နှစ်စင်း လာလေ့ရှိတယ်။ နောက်ပြီး လေယာဉ်လောက်မကြီးတဲ့ ဒရုန်းအကြီးစားမျိုးတွေကို လည်းရံဖန်ရံခါတွေ့ရတယ်" ဟု ကိုမာဝီကပြောပါသည်။ ကရင်နီဒေသအတွင်း လာရောက်တိုက်ခိုက်သည့် လေယာဉ်အများစုသည် နမ့်ဆန်၊နေပြည်တော်နှင့်တောင်ငူလေတပ်စခန်းတို့မှ လာရောက်တိုက်ခိုက်ကြခြင်းဖြစ်သည်ဟုဆိုပါသည်။


---


23 ချင်းအမျိုးသားတပ်ဦး(CNF) ၊ ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီနှင့် အမေးအဖြေ၊ BNI-MPM၊ ၃၀ အောက်တိုဘာ ၂၀၂၃


24 ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) ဒုစစ်ဦးစီးချုပ် ကိုမာဝီနှင့် အမေးအဖြေ၊ BNI-MPM ၊ ၂၄ အောက်တိုဘာ ၂၀၂၃။


# လေတပ်စခန်းနှင့် လေယာဉ်အမျိုးအစားအလိုက် ပျံသန်းချိန် ခန့်မှန်းချက်




















## လေကြောင်းရန်မှ လွတ်မြောက်ရေး ရင်ဖွင့်သံ

"ဆိုင်ကယ်သံ၊ ကားသံကြားရင်တောင် လေယာဉ်လားဆိုပြီး အမိုက်ပုံးမှာ ဝင်တိုးပုန်းမိနေတာ။ ကောင်းကင်ပေါ်ကနေ ပစ်ချတာလေ။ ဘယ်မှာပြေးရမှန်းတောင်မသိဘူး။ လေယာဉ်နဲ့ ဗုံးကြဲတာ ပိုကြောက်ဖို့ကောင်း တယ်" လွိုင်ကော်မြို့နယ်မှ ကလေးနှစ်ယောက်၏ ဖခင်ဖြစ်သူ အသက် (၃၁)နှစ်အရွယ် ကိုငါးရယ်က ပြောပြပါသည်။ [25]

စစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို ကိုယ်ကြုံတွေ့ခဲ့ရသူဖြစ်ပြီး လွိုင်ကော်မှ ရှားတောမြို့နယ်ဒေါ်နိုးကူးရွာ စစ်ရှောင်စခန်းသို့ ခြေလျင်လမ်းလျှောက်လာခဲ့ရသည်ဟုလည်းဆိုပါသည်။ "ပြောချင်တာတွေ အများကြီးပဲ..ရင်ထဲမှာ။ ပြောရင်လည်း စိတ်က ငိုချင်တယ်။ အနေအထိုင်အစားအသောက် လည်း အဆင်မပြေဘူး။ မေးလို့ရရင် မေးချင်တယ်။ လုံခြုံတဲ့နေရာတခုလောက် လုပ်မပေးနိုင်ဘူးလို့" ဟု ကိုသဲရယ်က ပြောပါသည်။

မိမိတို့ BNI-Myanmar Peace Monitor အနေဖြင့် ယခုအစီရင်ခံစာအတွက် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်း မှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများအား ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကရင်နီ(ကယား)ပြည်နယ် ရှားတောမြို့နယ်အတွင်းမှ ဒေါ်နိုးကူးရွာ စစ်ဘေးရှောင်စခန်းရှိ စစ်ဘေးရှောင်ပြည်သူများအားသွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

လွိုင်ကော်မြို့နယ် ဒေါတပေါးရွာမှ အသက် ၂၇ နှစ်အရွယ် မမာရီဆိုလည်း စစ်အုပ်စု၏ စစ်ကြောင်းထိုးလာသည်ကို ကြောက်ရွံ့သဖြင့် ဒေါ်နိုးကူးရွာသို့ ထွက်ပြေးတိမ်းရှောင်လာသူဖြစ်သည်။

"ရောက်စကတော့ လုံခြုံတယ်လို့ ခံစားရတယ်။ ခုတော့မလုံခြုံတော့ဘူး။ကြောက်စိတ်ကများနေပြီ။ လေယာဉ်သံကြားရင် အရမ်းကြောက်တယ်" ဟု မမာရီက လက်ရှိအခြေအနေကို ရင်ဖွင့်ပါသည်။ သူအပါအဝင် စစ်ဘေးရှောင်နှင့် ဒေသခံပြည်သူ (၅၀၀၀) ကျော်နေထိုင်ရာ ဒေါ်နိုးကူးရွာအား ၂၀၂၃ ခုနှစ် ဇူလိုင် လ ၁၂ ရက်၊ ညအချိန် ၁၂ နာရီခွဲ(တစ်နာရီ) အချိန်တွင် စစ်အုပ်စုမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရသည့် ဖြစ်စဉ်နှင့် မြင်ကွင်းတို့သည် ယနေ့အချိန်ထိ မြင်ယောင်ကြားယောင်နေဆဲဟု ဆိုပါသည်။

"ဘယ်လောက်အထိ ကြောက်လန့်နေလဲဆိုရင် ငါတို့တော့ သေပြီပဲလို့တောင် တွေးမိ

---

25 လွိုင်ကော်မြို့နယ်မှ အသက် ၃၁ နှစ်အရွယ် ကိုသဲရယ် (ခေတ္တ - ဒေါ်နိုးကူးရွာ)နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

တယ်။ ပြေးစရာလမ်းလည်းမရှိတော့ဘူး။ လူတွေအားလုံးလည်း ပြေးလွှားနေကြတာ။ အိပ်မက် မက်နေသလို၊ အရမ်းရင်နာဖို့ကောင်းတယ်”ဟု မမာရိက ပြန်ပြောပြပါသည်။ [26]










၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ရက်၊ လေကြောင်းဖြင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုအပြီး ဒေါ်နိုးကူးရွာတွင်း မြင်ကွင်းအချို့

(ဓာတ်ပုံ - CTER Karenni)

လွိုင်လင်မြို့နယ်အရှေ့ခြမ်း ဟိုနားရွာမှ ဒေါ်နိုးကူးရွာသို့ ရောက်ရှိလာသူ အသက် ၄၀ အရွယ် ဒေါ်ဘိုးမယ်ကလည်း “ပုံးတလုံး အရင်ကျတယ်။ တအားကြောက်တယ်။ ဓာတ်မီး လည်း ထိုးလို့မရဘူး။ ရောက်ချင်ရာရောက် ပြေးတာပဲ။ အသက်ရှင်ဖို့ ဘုရားပဲ တောင့်တနေ ရတယ်” ဟု ဇူလိုင်လ ၁၂ ရက်၊ ဒေါ်နိုးကူးရွာ လေကြောင်းမှ တိုက်ခိုက်ခံရစဉ်ကြုံတွေ့ရ သည့် အခြေအနေကို ပြန်ပြောပြပါသည်။ [27]

ဒီးမော့ဆိုမြို့နယ် တနီးလာလဲရွာမှ အသက် ၅၄ နှစ်အရွယ် ဦးတီရေးဆိုလျှင် ရွာတွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးများ မကြာခဏပစ်ခတ်ခံရသဖြင့် ဒေါ်နိုးကူးရွာသို့ စစ်ဘေး ရှောင်အနေဖြင့် လာရောက်နေထိုင်ခဲ့သူဖြစ်သည်။ တနီးလာလဲရွာသည် စစ်အုပ်စု စစ် ကြောင်းထိုးလာသည့်အခါတိုင်းတွင်လည်း ကျေးရွာတွင်း နေအိမ်များအား မီးရှို့ဖျက်ဆီး

26 လွိုင်ကော်မြို့နယ် ဒေါသဟေးရွာမှ အသက် ၂၇ နှစ်အရွယ် မမာရိ (ခေတ္တ - ဒေါ်နိုးကူးရွာ)နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

27 လွိုင်လင်မြို့နယ် အရှေ့ခြမ်း၊ ကိုနားရွာမှ အသက် ၄၀ အရွယ် ဒေါ်ဘိုးမယ် (ခေတ္တ - ဒေါ်နိုး ကူးရွာ)နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

ခြင်းခံရသည်ဟု ပြောပါသည်။

“လက်နက်ကြီးထက် လေယာဉ်ကို ပိုကြောက်တယ်။ သူတို့မှာက မြေပုံလည်းရှိတယ်လေ၊ ရှောင်လို့မရဘူး” ဟု ဦးတီရေးက ရင်ဖွင့်ပါသည်။ [28]

ဒီးမော့ဆိုမြို့နယ် သေးဆူလဲရွာမှ အသက် ၄၆ နှစ်အရွယ် ဦးစောရီဒူးကတော့ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များကို အကြိမ်ရေကိုပင် မမှတ်မိတော့ဟု ဆိုပါသည်။

“သူတို့က (စစ်ကြောင်း)မလာခင် လေယာဉ်နဲ့ အရင်(ဗုံး)ကြဲချတယ်။ ပြီးရင် လွိုင်ကော်ကနေလည်း လက်နက် ကြီးတွေနဲ့ လှမ်းပစ်သေးတယ်။ အားလုံးကတော့ ပြေးကြရတာပဲ။ မိုးပြဲ၊ ဒီးမော့ဆို၊ ဖရူဆို၊ အဲဒီနားက ရွာတွေ ဘယ်သူမှ မရှိတော့ဘူး” ဟု ဦးစောရီဒူးက ပြန်ပြောပြပါသည်။ [29]

မိမိတို့ BNI-Myanmar Peace Monitor မှ တွေ့ဆုံမေးမြန်းခဲ့သည့် ဒေါ်နီးကူးရွာစစ်ရှောင်စခန်းမှ စစ်ဘေးရှောင် ပြည်သူ (၁၀) ဦးတွင် အမျိုးသမီး ၅ ဦး၊ အမျိုးသား ၅ ဦး ပါဝင်ပြီး ဒီးမော့ဆို၊ ရှားတော၊ လွိုင်ကော်၊ လွိုင်လင် စသည့်မြို့နယ်များမှ မတူညီသည့် ကျေးရွာများတွင် နေထိုင်ကြသူများဖြစ်သည်။ သူတို့ထဲမှ အများစုသည် ဇာတိရွာရှိ နေအိမ်များမီးရှို့ဖျက်ဆီးခံထားကြလင့်ကစား နေရပ်ပြန်ဖို့ မျှော်လင့်နေကြသည်။ ထို့ပြင် စစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုကြောက်ရွံ့ထိတ်လန့်နေကြသကဲ့သို့ အိမ်နီးချင်းထိုင်းနိုင်ငံဘက်ခြမ်းတွင် သွားရောက်ခိုလှုံခွင့်၊ နေထိုင်ခွင့်ရရှိပါက လေကြောင်းအန္တရယ်မှလွတ်မြောက်နိုင်မည်ဟု ယုံကြည်နေကြသည်ကို တွေ့ရပါသည်။



“ထိုင်းဘက်ကို သွားရှောင်တာ သုံးလလောက်။ အဲဒီမှာ နည်းနည်းပိုလုံခြုံတယ်လို့ ခံစားရတယ်။ သူတို့က ရေထွက်ပေါက်နီးလို့ဆိုပြီး ပြန်လွှတ်လိုက်တာ။ ဖြစ်နိုင်ရင်တော့ လေကြောင်းကနေ လုံခြုံမယ့်နေရာမျိုးလိုချင်မိတယ်။ တတိယနိုင်ငံပဲ ဖြစ်ဖြစ်” ဟု မမာရိက ရင်ဖွင့်ပါသည်။ [30]

28 ဒီးမော့ဆိုမြို့နယ် တနေးလာလယ်ရွာမှ အသက် ၅၄ နှစ်အရွယ် ဦးတီရေး (ခေတ္တ - ဒေါ်နီးကူးရွာ)နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

29 ဒီးမော့ဆိုမြို့နယ် ဒေးဆူလဲရွာမှ အသက် ၄၆ နှစ်အရွယ် ဦးစောရီဒူး (ခေတ္တ - ဒေါ်နီးကူးရွာ)နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

30 လွိုင်ကော်မြို့နယ် ဒေါသပေးရွာမှ အသက် ၂၇ နှစ်အရွယ် မမာရိ (ခေတ္တ - ဒေါ်နီးကူးရွာ)နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

## လေကြောင်းရန် ကာကွယ်ရေး ဘာလဲ

ယခုအစီရင်ခံစာအတွက် မိမိတို့ BNI-Myanmar Peace Monitor မှ တိုက်ရိုက်ဆက်သွယ်မြန်းထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) အချို့နှင့် ခုခံတော်လှန်ရေးအင်အားစုအချို့ကတော့ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းရန်အန္တရာယ်ကို ကာကွယ်နိုင်သည့်အနေအထားတွင် မရှိသေးဟု ဆိုကြပါသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျနော်တို့မှာ လေကြောင်းကို ပြန်တုန့်ပြန်နိုင်တဲ့ဟာ မရှိဘူး။ လေကြောင်းတိုက် ခိုက်မှုတွေလာရင် ကိုယ့်ကိုယ်ကို မထိခိုက်အောင်ပဲ ကျနော်တို့လုပ်နိုင်တယ်။ ဒီလိုလေကြောင်းတိုက်ခိုက်မှုတွေဖြစ်လာရင် လူတွေထိခိုက်မှုမရှိနိုင်အောင် အမြန်ဆုံးပုန်းရှောင်ရတာမျိုးပဲ လုပ်နိုင်တယ်။ ဗုံးဒဏ်ခံနိုင်တဲ့ ဗုံးခိုကျင်းတွေ ပြင်ဆင်တာမျိုး" ဟု ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) ဒုစစ်ဦးစီးချုပ် ကိုမာဝီက ပြောပါသည်။ [31]

ချင်းအမျိုးသားတပ်ဦး(CNF/CNA) ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီကလည်း "ငါတို့ အဓိကလုပ်နိုင်သေး တာက သတင်းဆက်သွယ်ရေးနဲ့ လုံခြုံတဲ့နေရာတည်ဆောက်ရေးပါပဲ" ဟု ဆိုပါသည်။ [32]

နေပြည်တော်၊ အမှတ် (၄၅) ကင်းထောက်လေယာဉ်အုပ်၏ အုပ်လေသူရဲဖြစ်သူ ဗိုလ်ကြီး ဇေသူအောင်ကတော့ ခုခံတော်လှန်ရေးအင်အားစုများအနေဖြင့် မည်သည့်နေရာရောက်ရောက်၊ ကိုယ့်ဘေးအနီးအနားတွင် ကျင်းတူးထားသင့်သည်ဟု အကြံပေးသည်။

"လေယာဉ်ရဲ့ ဗုံးတွေအများစုက လေကွဲတွေသိပ်မပါဘူး၊ မြေကြီးကို ထိပြီးတော့မှ ကွဲတာ၊ မှိုပွင့်ပုံစံကွဲတာဆိုတော့ အပေါ်ကိုထောင်ပြီးမှ ဘေးကို ကားထွက်သွားတာ၊ အဲလိုဆိုတော့ မြေကြီးမှာဝပ်ထားမယ်၊ ကျင်းတူးထားမယ်ဆိုရင် လုံခြုံဖို့အတွက် ၆၀ ရာခိုင်နှုန်းလောက်ရှိတာပေါ့" ဟု စစ်သက် (၁၇) ကျော်ရှိပြီဖြစ်သည့် ဗိုလ်ကြီးဇေသူအောင်က ဆိုပါသည်။ ဗိုလ်ကြီးဇေသူအောင်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင်ဒီးမော့ဆိုပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထံ မိသားစုနှင့်အတူ အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေး

---

31 ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) ဒုစစ်ဦးစီးချုပ် ကိုမာဝီနှင့် အမေးအဖြေ၊ BNI-MPM ၊ ၂၄ အောက်တိုဘာ ၂၀၂၃။

32 ချင်းအမျိုးသားတပ်ဦး(CNF/CNA) ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီနှင့် အမေးအဖြေ၊ BNI-MPM ၊

လုပ်ရှားမှု (CDM) ပြုလုပ်ကာ ပြည်သူနှင့်ပူးပေါင်းခဲ့သူဖြစ်ပြီး လေတပ်၏ ပထမဦးဆုံးသော CDM ပြုလုပ်သူဖြစ်သည်။ [33]

ဥပမာ - Mi 35p လေယာဉ်အမျိုးအစားသည် အနည်းဆုံး (၃) ကြိမ်မှ အများဆုံး (၆) ကြိမ်အထိ လေထဲတွင်ပစ်ခတ်နိုင်ပြီး တိုက်လေယာဉ်အမျိုးအစားများဆိုလျှင် အများဆုံး (၁၀) မိနစ်အတွင်း အများဆုံး (၃)ကြိမ်သာ လေထဲတွင်ပစ်ခတ်နိုင်သည်။ ထိုအခြေအနေနှင့် ကာလအပိုင်းအခြားလေးကို သတိကြီးစွာထားဖို့ လိုအပ်ကြောင်းဗိုလ်ကြီးဇေသူအောင်က ဆိုပါသည်။

အရပ်သားပြည်သူများအား စစ်အုပ်စု၏ လေကြောင်းအန္တရာယ်မှ ကာကွယ်နိုင်ဖို့အတွက် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းနှင့် နည်းပညာများ ထောက်ကူပံ့ပိုးပေးရန် KNDF ဒုစစ်ဦးစီးချုပ်က တောင်းဆိုလိုကြောင်း ပြောပါသည်။

> ရေဒါစနစ်လိုမျိုး နည်းပညာ အထောက်အပံ့တွေ လိုအပ်တယ်

"ငါးမိနစ်၊ ဆယ်မိနစ်လောက် ကြိုသိရရင်ကို ပြည်သူလူထုရဲ့ အသက်ပေါင်းများစွာကို အများကြီး ကာကွယ်နိုင်ပါတယ်။ ဒီထက်ပိုရရင်တော့ ရေဒါစနစ်လိုမျိုး နည်းပညာအထောက်အပံ့တွေ လိုအပ်တယ်" ဟု ကိုမာဝီက ပြောပါသည်။

မိမိတို့ BNI-Myanmar Peace Monitorအနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏လေယာဉ်ပျံသန်းမှုများကို နေ့စဉ် အချိန်နှင့်တပြေးညီတင်ပြလျက်ရှိသော "Enemy Air Route Channel" အမည်ရှိ တယ်လီဂရမ်ချန်နယ်အား စောင့်ကြည့်လေ့လာခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်၊ ၁၃ နာရီ ၃၅ မိနစ်မှ ၁၄ နာရီ ၃၅ မိနစ်အချိန်အထိ တစ်နာရီအတွင်း နေပြည်တော်လေတပ်၊ နန့်စမ်လေတပ်၊ တံတားဦးလေတပ်၊ မိတ္ထီလာ-ရှမ်းတဲလေတပ်နှင့်တောင်ငူလေတပ်တို့မှ Jet Fighter ၊ MiG 29၊ Y-12၊ K-8W စသည့် တိုက်ခိုက်ရေးနှင့် စစ်ရိက္ခာပို့ဆောင်ရေး လေယာဉ်များ၏ အရပ်လေးမျက်နှာစလုံးသို့ ဦးတည်ပျံသန်းနေကြသည်ကို တွေ့ရှိရပါသည်။ [34]

အသက် (၂၀) အရွယ်ကတည်းက တော်လှန်ရေးလုပ်ကိုင်လာခဲ့သူ အသက် (၇၇)နှစ်အရွယ် ကရင်နီအမျိုးသား တပ်မတော်(KA)၏ စစ်ရေးချုပ် ဗိုလ်မှူးကြီးဘုန်းနိုင်ကတော့ အာဏာသိမ်းစစ်အုပ်စုအတွက် လေတပ်ကို အဓိကအားပြုနေရခြင်းကို ထောက်ရှုပါက စစ်ကောင်စီတပ်အတွင်း တပ်အင်အားချိန့်ဆုတ်ယုတ်မှုသည် တော်တော်ကြီးမားနေပြီဟု

33 လေတပ်၏ ပထမဆုံးသော CDM ဗိုလ်ကြီး ဇေသူအောင်နှင့် ဆက်သွယ် မေးမြန်းချက် (အပိုင်း ၂- နိဂုံး)၊ ခေတ်သစ်၊ https://bit.ly/3uJRFJ1

34 "Enemy Air Route Channel" ၊ https://t.me/enemyairroute



ကောက်ချက်ချပါသည်။ "လေကြောင်းတိုက်ခိုက်မှုတွေကို ဘယ်လိုမှ မကာကွယ်နိုင်သေး ပေမယ့် စစ်အုပ်စုကိုအပြုတ်တိုက်ဖို့အထိရည်မှန်းထားတယ်။ လောလောဆယ် ပွိုင့်ဖိုက် (0.5)တွေတော့ ရှိနေပြီ။ အသုံးမပြုရသေးဘူး" ဟု ဆိုပါသည်။ [35]

ကရင်နီဒေသတွင်း ခုခံတော်လှန်ရေးအင်အားစုများ ပူးပေါင်းဆင်နွှဲနေသည့် တစ် - လေးလုံးစစ်ဆင်ရေး၏ ပထမနေ့၊ နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီကျော်တွင် စစ်ကောင်စီတပ်၏ တရုတ်နိုင်ငံထုတ် တိုက် လေယာဉ် အမျိုးအစား K – 8 တစ်စီးကို KNDFBO1 နှင့် KA တို့မှ ပွိုင့်ဖိုက်(0.5) သေနတ်ဖြင့် ပစ်ချနိုင်ခဲ့ပါသည်။ နိုဝင်ဘာ ၁၂ ရက်တွင်တော့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကမာဒီပိုလီနှင့် မရောပိုလီရွာအကြားတွင် ပစ်ချခံရသည့် K-8 အမျိုးအစားတိုက်လေယာဉ်အား ပျက်စီးလျက်တွေ့ရှိရပါသည်။ နိုဝင်ဘာလ ၁၉ ရက်တွင်တော့ လေယာဉ်ပျက်ကျစဉ် လေထီးဖြင့်ခုန်ဆင်း လွတ်မြောက်ခဲ့သူ စစ်လေယာဉ်မှူးဗိုလ်မှူးခိုင်သန့်မိုးကို ကရင်နီဒေသ တနေရာတွင် ဖမ်းဆီးရမိခဲ့ပြီး တွဲဖက်လေယာဉ်မှူးဖြစ်သူ ဗိုလ်ဇာနည်မောင်ကတော့ လွတ်မြောက်နေဆဲဖြစ်ကြောင်း ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) က နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ထားသည်။ [36]

၂၀၂၃ ခုနှစ် ဖွန်လ ၃၀ ရက်ကလည်း ကရင်နီ(ကယား)ပြည်နယ် ရှာသစ်မြို့ဘက်တွင် အာဏာသိမ်းစစ်အုပ်စု၏ K-8W အမျိုးအစားတိုက်လေယာဉ် (လေယာဉ်အမှတ် - ၃၉၃၅) တစ်စီးကို ပစ်ချနိုင်ခဲ့ကြောင်း ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ-KNPLF) က ထုတ်ပြန်ခဲ့ပါသည်။ [37]

တူမီးသေနတ်၊ လေးဂွ၊ တုတ်၊ ဓားဖြင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်ရေးလုပ်ငန်းများကို စတင်ခဲ့သည့် နွေဦးတော်လှန်ရေးသည် စစ်အုပ်စု၏ တိုက်လေယာဉ်များအား ပစ်ချနိုင်ခဲ့သည်အထိ အားကောင်းနေပြီဟုဆိုရမည်ဖြစ်သော်လည်း နိုင်ငံတဝှမ်းလုံးရှိ

---

35 ကရင်နီတပ်မတော်(KA) စစ်ရေးချုပ်၊ ဗိုလ်မှူးကြီးဘုန်းနိုင်နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

36 စစ်ကောင်စီ လေယာဉ်မှူးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်၊ IEC၊ https://bit.ly/3urNGka

37 တိုက်လေယာဉ်ပျက်ကျတဲ့ သက်သေနဲ့ပတ်သက်ပြီး ထပ်မံရရှိထားတယ်လို့ ကလလတ ထုတ်ပြန်၊ ကန္တာရဝတီတိုင်းမ်၊ https://bit.ly/485GPeu

ခုခံတော်လှန်ရေးအင်အားစုအားလုံးအတွက်မူ လက်နက်အင်အား၊ ရန်ပုံငွေအင်အားလိုအပ်ချက်များ ကြီးမားနေဆဲဖြစ်ပါသည်။ သို့နှင့်တိုင် အာဏာသိမ်းစစ်အုပ်စု၏လေတပ်ဌာနချုပ်များအား ပစ်မှတ်ထားတိုက်ခိုက်မှုများကိုလည်း ခပ်စိပ်စိပ်တွေ့ရှိလာရပြီ ဖြစ်သည်။

ပဲခူးတိုင်း၊ တောင်ငူမြို့မြောက်ဘက်ရှိ တောင်ငူလေတပ်ဌာနချုပ်ကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) ပူးပေါင်းတပ်ဖွဲ့က ၂၀၂၃ ခုနှစ် မတ်လ ၂၅ ရက်နှင့် ၂၇ ရက်နေ့များတွင် ရှော့တိုက်ဒုံး (၈)လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ [38] ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်၊ ည ၉ နာရီ ဝန်းကျင်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ လေတပ်စခန်းအား ရန်ကုန်အခြေစိုက် Urban Special Operation (U.S.O)အဖွဲ့က ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ [39] ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်၊ နံနက် ၈ နာရီခန့်အချိန်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေတပ်စခန်းကို မြောက်ပိုင်းတိုင်းမဟာမိတ်တပ်ဖွဲ့ က ၉၀ မမ၊ ၁၀၇ မမ ရှော့တိုက်ဒုံး ၄ လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ [40]

"လေတပ်စခန်းတွေကို တိုက်ခိုက်နိုင်တာ အရမ်းအရေးပါတယ်။ ကိုယ်တွေတော့ မလုပ်နိုင်သေးဘူး" ဟု KA စစ်ရေးချုပ်က ရှုမြင်ပါသည်။ [41] CNF ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီကလည်း စစ်အုပ်စု၏ တိုက်ခိုက်ရေး စစ်လေယာဉ်များကို ပြန်လည်ပစ်ခတ်နိုင်သည့် လက်နက်ကြီးများ မရှိသေးချိန်တွင် စစ်အုပ်စု၏ လေတပ်စခန်းများအား ပစ်မှတ်ထားတိုက်ခိုက်နိုင်မှုသည် အလွန်အရေးပါသည်ဟု ရှုမြင်ပြီး ပြည်သူလူထု ထိခိုက်မှုမရှိစေရေးအတွက်တော့ သတိထားသင့်သည်ဟု ဆိုပါသည်။ [42]

ဆိုရသော် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းရန်အား ကာကွယ်နိုင်ရေးအတွက် နွေဦးတော်လှန်ရေး အင်အားစုများအနေဖြင့် ဗုံးခိုကျင်းများ တူးခြင်း၊ သတင်းအချက်အလက်မျှဝေခြင်းနည်းလမ်းများအပြင် တိုက်ခိုက်ရေးနည်းလမ်းများဖြစ်သည့် စစ်အုပ်စု၏ လေတပ်

---

38 တောင်ငူလေတပ်စခန်းဌာနချုပ် ပစ်ခတ်ခံရမှု ရဟတ်ယာဉ်ပျက်စီး၊ အာအက်ဖ်အေ၊ https://bit.ly/3RusEKC

39 မှော်ဘီလေတပ်စခန်း ရှော့တိုက်ဒုံးနဲ့ ပစ်ခတ်ခံရ၊ အာအက်ဖ်အေ၊ https://bit.ly/3uLd3NX

40 မြစ်ကြီးနားက လေတပ်စခန်းတိုက်ခိုက်ခံရ၊ ဘီအင်န်အိုင်၊ https://bit.ly/46HUs2t

41 ကရင်နီတပ်မတော်(KA) စစ်ရေးချုပ်၊ ဗိုလ်မှူးကြီးဘုန်းနိုင်နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

42 ချင်းအမျိုးသားတပ်ဦး(CNF/CNA) ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီနှင့် အမေးအဖြေ၊ BNI-MPM ၊

အခြေစိုက်စခန်းများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းနှင့် ပွိုင့် ဖိုက်(0.5) ကဲ့သို့သော လေယာဉ်ပစ်နိုင်သည့်လက်နက်များဖြင့် ပြန်လည်ပစ်ခတ်ခြင်း နည်းလမ်းတို့ အသုံးပြုနေရသည်ဟု ကောက်ချက်ချနိုင်ပါသည်။

"ကျနော်တို့က နိုင်ငံတကာအဖွဲ့တွေကို တိုက်ခိုက်ရေးအတွက် တောင်းဆိုနေတာ မဟုတ်ပါဘူး၊ ကာကွယ်နိုင်ဖို့အတွက်ပဲ တောင်းဆိုတာမျိုးပါ။ အခုထိ ဘယ်သူကမှ ချိတ်ဆက်မလာသေးဘူး၊ ပံ့ပိုးပေးတာ မရှိသေးဘူး" ဟု ကိုမာဝီက နိုင်ငံတကာအသိုင်းအဝိုင်းသို့ မချိတင်ကဲ့ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ [43]

## နိုင်ငံတကာအခန်းကဏ္ဍ

ကရင်နီဒေသအတွင်း စစ်အုပ်စုအနေဖြင့် လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်ရာတွင် နယ်စပ်တဖက်ရှိ ထိုင်းနိုင်ငံအတွင်း လက်နက်ကြီးမကျသေးသည့်တိုင် လေကြောင်းအရ နယ်ကျော်မှုမျိုး မကြာခဏတွေ့ရှိနေရသည်ဟု ကရင်နီအမျိုးသားတပ်တော် (KA) စစ်ရေးချုပ် ဗိုလ်မှူးကြီးဘုန်းနိုင်က ပြောပါသည်။

"လေယာဉ်ကျော်တဲ့ ကိစ္စကို သိတယ်၊ ထိုင်းက။ ဒါပေမယ့် သူတို့ဘာမှမပြောဘူး"။ [44]

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့် မြန်မာ့အရေးနှင့်ပတ်သက်ပြီး စစ်ရေးပစ်မှတ်မဟုတ်ဘဲ အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ချက်ရှိရှိ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ် တိုက်ခိုက်မှုများအား ဟန့်တားနိုင်ဖို့အတွက် နည်းလမ်းရှာသင့်ပြီဖြစ်ကြောင်း ဗိုလ်မှူးကြီးဘုန်းနိုင်က တိုက်တွန်းပါသည်။

ထို့အပြင် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ အစိုးရသည်လည်း ချင်းအမျိုးသားတပ်ဦး (CNF)ဌာနချုပ်အား စစ်ကောင်စီအုပ်စုမှလေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်စဉ် အိန္ဒိယနိုင်ငံအတွင်း လက်နက်ကြီးကျရောက်ခဲ့ခြင်းကို နှုတ်ဆိတ်နေခဲ့ဖူးပါသည်။ "နိုင်ငံတကာက သူ့အကျိုးစီးပွားတွေ ထိခိုက်မယ့်အနေအထားတွေ ရှိလာမှပဲ ပါဝင်ကူညီတတ်တယ်လို့ မြင်တယ်၊ ဝိတိုရီယဌာနချုပ် လာပစ်တုန်းက အိန္ဒိယထဲ ပုံးကျတာကို ပေါ်တင်ငြင်းတာမျိုးပေါ့" ဟု ဆလိုင်းထက်နီက ဆိုပါသည်။

---

43 ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) ဒုစစ်ဦးစီးချုပ် ကိုမာဝီနှင့် အမေးအဖြေ၊ BNI-MPM ၊ ၂၄ အောက်တိုဘာ ၂၀၂၃။

44 ကရင်နီတပ်မတော်(KA) စစ်ရေးချုပ်၊ ဗိုလ်မှူးကြီးဘုန်းနိုင်နှင့် အမေးအဖြေ၊ BNI-MPM၊ ၇ နိုဝင်ဘာ ၂၀၂၃

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းချိန်ကစပြီး အာဏာသိမ်းစစ်အုပ်စုသည် ရုရှား၊ တရုတ်၊ စင်ကာပူ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖိုးထက်မနည်းသော တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများ ဝယ်ယူတင်သွင်းသွားခဲ့ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တွမ်အင်ဒရူး(Tom Andrews) က ဖော်ပြခဲ့သည်။ ၂၀၂၃ ခုနှစ် မေလ ၁၇ ရက်၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော "ဒေါ်လာဘီလီယံချီသည့် သေမင်းတမန်လက်နက်ကုန်သွယ်မှု" ဟု အမည်ပေးထားသည့် ၎င်းအစီရင်ခံစာထဲတွင် အာဏာသိမ်း စစ်အုပ်စုအနေဖြင့် ရုရှားနိုင်ငံမှ Mi-35 တိုက်ခိုက်ရေးရဟတ်ယာဉ်၊ MiG-39 ဂျက်တိုက်လေယာဉ်၊ Yak-130 တိုက်ခိုက်ရေးလေယာဉ်နှင့် တရုတ်နိုင်ငံမှ K-8 တိုက်ခိုက်ရေး ဂျက်လေယာဉ်တို့ ဝယ်ယူခဲ့ကြောင်း ဖော်ပြထားပါသည်။ [45]

၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင်တော့ အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာစစ်အုပ်စု၏ ထိန်းချုပ်မှုအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကို ဘဏ္ဍာရေးဝန်ဆောင်မှုများ မပေးရကြဖို့ တားမြစ်သည့် ပိတ်ဆို့အရေးယူမှုအသစ်ကို ချမှတ်လိုက်ကြောင်း အမေရိကန်အစိုးရဘဏ္ဍာရေးဌာန၏ နိုင်ငံရပ်ခြားပိုင်ဆိုင်မှုများ ထိန်းချုပ်ရေးရုံး(OFAC) မှ ထုတ်ပြန်ခဲ့သည်။ အဆိုပါအရေးယူမှုအသစ်ထဲတွင် MOGE အတွက် ဘဏ်စာရင်းဖွင့်ခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ အာမခံလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသော ဝန်ဆောင်မှုပေးခြင်းအားလုံးကို တားမြစ်ထားပါသည်။ [46]

ထုတ်ပြန်ချက်အရ အမေရိကန်အစိုးရအနေဖြင့် ဗြိတိန်၊ ကနေဒါနိုင်ငံတို့နည်းတူ မြန်မာစစ်အုပ်စုနှင့် ဆက်စပ်သည့် လူပုဂ္ဂိုလ် (၅)ဦးနှင့် စစ်အုပ်စုအတွက် ရုရှားနှင့်အခြားနိုင်ငံများမှ စစ်လက်နက်ပစ္စည်းများ တင်သွင်းရာတွင် အကူအညီပေးနေသည့် အဖွဲ့အစည်း (၃)ခုကိုလည်း ပိတ်ဆို့အရေးယူလိုက်သည်ဟု ဆိုပါသည်။

"MOGE ဟာ မြန်မာနိုင်ငံမှာ ဝင်ငွေအကောင်းဆုံး နိုင်ငံပိုင်လုပ်ငန်းဖြစ်တာနဲ့အညီ မြန်မာစစ်အုပ်စုအတွက် နှစ်တိုင်း ဒေါ်လာသန်းရာပေါင်းများစွာ ရှာပေးနေပြီး မြန်မာစစ်ခေါင်းဆောင်တွေဟာ ပြည်ပက စစ်လက်နက်နဲ့ စက်ပစ္စည်းတွေ ဝယ်ယူနိုင်စေပါတယ်။

45 The Billion Dollar Death Trade: The International Arms Networks that Enable Human Rights Violations in Myanmar ၊ UNHRC ၊ https://bit.ly/3Gtl2BO

46 Treasury Prohibits Financial Services with Myanma Oil and Gas Enterprise and Imposes Additional Sanctions on Burma Military Regime Officials and Supporters https://bit.ly/3T98RS7

အခုလို MOGE ကို ဘဏ္ဍာရေးဝန်ဆောင်မှုတွေမပေးဖို့ ပိတ်ဆို့အရေးယူမှုတွေ ချမှတ်လိုက်ခြင်းအားဖြင့် မြန်မာစစ်တပ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ဘဏ္ဍာရေးလုပ်ငန်းတွေကို အသုံးမပြုနိုင်တော့ဘဲ စစ်အုပ်စုရဲ့ ဖိနှိပ်သတ်ဖြတ်မှုတွေ ကျူးလွန်နိုင်စွမ်း မရှိတော့အောင် ရည်ရွယ်ဆောင်ရွက်လိုက်တာ ဖြစ်ပါတယ်" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဆိုပါသည်။ [47]

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ပြုလုပ်သည့် ၅၄ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့ တင်သွင်းသော ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီး၏အစီရင်ခံစာတွင်တော့ မြန်မာနိုင်ငံတဝှမ်းလုံးရှိ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ မြေပြင်စစ်ဆင်ရေးနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် အရပ်သားပြည်သူများအပေါ် သက်ရောက်မှုကြီးသော ဖြစ်စဉ်များကို အဓိက ထည့်သွင်းထားပါသည်။ အရပ်သားနေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အဦးများ၊ လူစုလူဝေးအခမ်းအနားများအပေါ် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအကြား အကြောက်တရားကြီးစိုးနေပြီဟုလည်း ထောက်ပြထားပါသည်။

> လေကြောင်းကင်းမဲ့ဇုန်အဖြစ်သတ်မှတ်ပေးရင် ဒါတွေကိုတားဆီးနိုင်လိမ့်မယ်

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအလုံးစုံကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့လွှဲပြောင်းပေးရန် အစီရင်ခံစာ အပုဒ် ၆၃ တွင် တောင်းဆိုထားပြီး အာဏာသိမ်းစစ်အုပ်စုထံ စစ်လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ စစ်သုံးယာဉ်များနှင့် စစ်အသုံးအဆောင်ပစ္စည်းများ၊ စစ်ဘက်အရပ်ဖက်နှစ်မျိုးသုံးကိရိယာများနှင့် စစ်လေယာဉ်သုံးဆီများအား ထောက်ပံ့ပေးမှုသာမက ဖြစ်နိုင်လျှင် စစ်အုပ်စုအတွက် နိုင်ငံခြားငွေကြေးရရှိစေသည့် လမ်းကြောင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုံးဝတားဆီးပိတ်ပင်နိုင်ရန် သေချာလုပ်ဆောင်ရမည်ဟု အပိုဒ်ခွဲ(ခ) တွင် ထည့်သွင်းတိုက်တွန်းထားသည်။ [48]

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ကလည်း မြန်မာစစ်အုပ်စုထံ လေယာဉ်ဆီများ မရောက်ရှိစေဖို့အတွက် နိုင်ငံတကာအစိုးရများအနေဖြင့် အရေးတကြီးပိတ်ဆို့တားဆီးကြရန် "မရဏကုန်စည်"အမည်ရှိ အစီရင်ခံစာကို၂၀၂၂ ခုနှစ်

47 MOGE အပါအဝင် လူပုဂ္ဂိုလ်နဲ့အဖွဲ့အစည်းတွေကို အမေရိကန်၊ ဗြိတိန်၊ ကနေဒါ ထပ်တိုးအရေးယူ၊ အာအက်ဖ်အေ၊ https://bit.ly/4ajc0VQ

48 Situation of human rights in Myanmar - Report of the United Nations High Commissioner for Human Rights (A/HRC/54/59)၊ UNHRC၊ https://bit.ly/482i8Qm

နိုဝင်ဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတဝှမ်း နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ဆိုးရွားစွာချိုးဖောက်လျက်ရှိသော အာဏာသိမ်းစစ်အုပ်စုထံ လေယာဉ်ဆီများ မရောက်ရှိစေရန် ထိရောက်စွာတားဆီးနိုင်မည့် ယန္တယားများမဖော်ဆောင်နိုင်မချင်း မြန်မာနိုင်ငံအား လေယာဉ်ဆီများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးပို့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကြားခံအဖြစ် လုပ်ဆောင်ပေးခြင်း၊ ရေကြောင်းကုန်းကြောင်း တင်ပို့မှုများအား တဆင့်ခံဆောင်ရွက်ခြင်း၊ ပွဲစားလုပ်ပေးခြင်း အားလုံးကို တားဆီးပိတ်ပင်မှုများ ချမှတ်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် နိုင်ငံတကာအစိုးရများအား တောင်းဆိုထားသည်။ [49]

အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းရန်ကာကွယ်ရေးတပ်မှ အကြမ်းမဖက်အာဏာဖီဆန်ရေးပြည်သူ့လှုပ် ရှားမှု(CDM) ပြုလုပ်လာသူ တပ်ကြပ်ကြီးဇေယျာကတော့ အာဏာသိမ်းစစ်အုပ်စုအနေဖြင့် လေယာဉ်နှင့် ဆက်စပ်ပစ္စည်းအများစုကို ရုရှား၊ တရုတ်၊ ဘီလာရုစ်၊ အစ္စရေးနှင့် အိန္ဒိယနိုင်ငံတို့မှ အဓိကဝယ်ယူခြင်းကြောင့် ရုရှားနှင့် တရုတ်နိုင်ငံတို့အား တားဆီး၍မရလျှင်တောင် အစ္စရေးနှင့် အိန္ဒိယနိုင်ငံများမှ စစ်လက်နက်ပစ္စည်းများအား ထိရောက်အောင် တားဆီးသင့်သည်ဟု သုံးသပ်ပါသည်။

"Yak-130 သုံးမလား၊ Su-30 တိုက်လေယာဉ်အသစ်နဲ့ တိုက်ခိုက်မှာလား။ လေကြောင်း ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ပေးရင် ဒါတွေကို တားဆီးနိုင်လိမ့်မယ်" ဟု CDM တပ်ကြပ်ကြီးဇေယျာက ဆိုပါသည်။ [50]

## No Fly Zone ဘယ်တော့လဲ

အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများကို ပစ်မှတ်ထားလာနေပြီး ၎င်းတို့၏ စစ်အာဏာသိမ်းမှုမှုအား ဆန့်ကျင်တော်လှန်နေကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နေရာဒေသ မရွေး၊ အချိန်အခါမရွေး လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် ဝေဟင် ထိုးစစ်ဆင်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လာနေပြီ ဖြစ်သည်။ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ပြီး မြန်မာ ပြည်သူလူထုနှင့် နွေဦးတော်လှန်ရေးအင်အားစုများဘက်မှ ရပ်တည်ထောက်ခံနေကြသော နိုင်ငံတကာ

49 Myanmar: Deadly Cargo: Exposing the supply chain that fuels war crimes in Myanmar ၊ AI ၊ https://bit.ly/47OzsZh

50 လေယာဉ်ပစ်လက်နက်ရှိမှ စစ်ကောင်စီလေကြောင်းရန်ကို ကာကွယ်နိုင်မှာလား၊ ဘီဘီစီ၊ https://bbc.in/3sXbewX

အစိုးရများအနေဖြင့် နှုတ်အားဖြင့် နှစ်သိမ့်ရုံ၊ စာတစ်စောင်ပေတစ်ရွက် ရိုက်နှိပ်ထုတ်ပြန်ရုံထက် ပိုမိုသော ကာကွယ်စောင့်ရှောက်မှုများ၊ ထောက်ကူပံ့ပိုးမှုများကို လက်တွေ့ကျကျ ချဉ်းကပ်လုပ်ဆောင်ရတော့မည် ဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီတိုးတက်ရေးပါတီ (KNPP)နှင့် ချင်းအမျိုးသားတပ်ဦး (CNF)တို့သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ကတည်းက "မြန်မာနိုင်ငံအတွင်း စစ်ရေးအရ လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ပေးရန်" အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းထံ ပူးတွဲကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့ဖူးသည်။ စစ်ကောင်စီ




၏ လေကြောင်းတိုက်ခိုက်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အမှန်တကယ်လိုအပ်နေသူများထံ လွတ်လပ်လုံခြုံစွာ ပေးအပ်နိုင်ရေးအတွက်လည်း ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုပါသည်။ [51]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်၊ ဝါရှင်တန်ဒီစီမြို့တွင် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အလိုက် မြန်မာတိုင်းရင်းသားများစုပေါင်းကာ အင်အား (၃၀၀)ခန့်ဖြင့် "လေယာဉ်မပျံသန်းရ ဇုန် သတ်မှတ်ပြဌာန်းပေးရန်" တောင်းဆိုကာ လမ်းလျှောက်ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ အရပ်သားပြည်သူများအား ပစ်မှတ်ထားကာ လေကြောင်းအသုံးပြုတိုက်ခိုက်နေသည့် မြန်မာအာဏာသိမ်းစစ်ကောင်စီအား နိုင်ငံတကာဥပဒေများဖြင့် အရေးယူ

51 အရပ်သားပြည်သူ ကာကွယ်ဖို့နဲ့ ကူညီထောက်ပံ့ပေးနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့ထံ တိုင်းရင်းသားလက်နက်ကိုင် သုံးဖွဲ့ ပူးတွဲတောင်းဆို၊ ကန္တာရဝတီတိုင်းမ်၊ https://bit.ly/3GwanGA

ပေးရန်အတွက်လည်း အမေရိကန်အစိုးရထံ ဆန္ဒပြမြန်မာတိုင်းရင်းသားများက တောင်းဆိုခဲ့ကြသည်။ [52]

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အား ဆန့်ကျင်သော လက်နက်မဲ့ပြည်သူလူထုအား ဦးခေါင်းတည့်တည့် ချိန်ရွယ်ကာ ကျည်ဆန်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းမှသည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ရပ်ရွာအလိုက်မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းလုပ်ရပ်များအပြင် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခြင်းများကိုပါ အရှိန်အဟုန်မြှင့်လုပ်ဆောင်နေပါသည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော မြန်မာပြည်သူလူထုနှင့်အတူ ရပ်တည်ထောက်ခံ အားပေးလျက်ရှိသည့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းရန်မှ မြန်မာပြည်သူလူထုကို ကာကွယ်ပေးရန် ချဉ်းကပ်သင့်ပြီ ဖြစ်သည်။

၁၉၉၁ ခုနစ်၊ လူမျိုးစုနှင့် ဘာသာရေးအုပ်စုအချို့ တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန်အတွက်ကုလသမဂ္ဂကျောထောက်နောက်ခံမပါဘဲ အီရတ်နိုင်ငံတွင် လေယာဉ်မပျံသန်းရဇုန်နစ်ခုကို အမေရိကန်နှင့် မဟာမိတ်အဖွဲ့များက သတ်မှတ်ပြဋ္ဌာန်းခဲ့ဖူးသည်။ ၁၉၉၂ ခုနစ်တွင် ဘော့စနီးယားလေပိုင်နက်အတွင်း ခွင့်ပြုချက်မရှိဘဲ စစ်ရေးပျံသန်းမှုများ တားမြစ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂက အတည်ပြုခဲ့ဖူးသည်။ ၂၀၁၁ ခုနစ်တွင်လည်း လစ်ဗျားနိုင်ငံတွင် စစ်ရေးအရ ကြားဝင်ဖြေရှင်းမှု၏ အစိတ်အပိုင်းအဖြစ် လေယာဉ် မပျံသန်းရဇုန်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုဖူးသည်။ လစ်ဗျားနိုင်ငံ အရှေ့ပိုင်းဘန်ဂါဇီမြို့မှ ဆန္ဒပြသူများသည် ကဒါဖီတပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုကို ကြုံတွေ့နေရခြင်းကြောင့် လစ်ဗျားနိုင်ငံအား လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ပြီး မြေပြင်စစ်ဆင်ရေးအတွင်းမှ အရပ်သားပြည်သူများအား ကာကွယ်ရန် ကုလသမဂ္ဂက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်မပျံသန်းရ မစ်ရှင်အတွက် နေတိုးတပ်ဖွဲ့က တာဝန်ယူပေးခဲ့သည်။ [53]

၂၀၁၁ ခုနစ် မတ်လတွင် စတင်ခဲ့သည့် အဆိုပါမစ်ရှင်ကို ၂၀၁၁ ခုနစ် အောက်တိုဘာလ ၃၁ ရက် ညသန်းခေါင်ယံမတိုင်ခင် အဆုံးသတ်ရပ်သိမ်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည်။ နေတိုးတပ်ဖွဲ့များ၏ စစ်ရေးအရအကာကွယ်ပေးမှုများကို

52 အမေရိကန်သမ္မတအိမ်ဖြူတော်ရှေ့တွင် မြန်မာ့အရေး အမေရိကန် ထိရောက်စွာ အရေးယူပေးရန်နှင့် မြန်မာတွင် No Fly Zone သတ်မှတ်ပေးရန် ဆန္ဒပြ၊ ခေတ်သစ်၊ https://bit.ly/3NbsBRt

53 Have no-fly zones been used before? ၊ ဘီဘီစီ ၊ https://bbc.in/3t3Zxoa

ရုတ်သိမ်းမသွားသေးဘဲ ဆိုင်းငံ့ထားပေးဖို့ လစ်ဗျားအသွင်ကူးပြောင်းရေးကောင်စီက တောင်းဆိုခဲ့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ [54]

လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ပေးခြင်းသည် စစ်လေယာဉ်များအား အသုံးပြု၍ မြေပြင်ရှိ စစ်ရေးပစ်မှတ်များနှင့် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများမပြုနိုင်ရန် ဟန့်တားကန့်သတ်ပေးခြင်းပင်ဖြစ်သည်။ ထိုအတွက် သတ်မှတ်ပြဌာန်းခဲ့ခြင်းသည်လည်း လွယ်လင့်တကူဆုံးဖြတ်နိုင်သည့်အရာမဟုတ်ဘဲ"လေယာဉ်မပျံသန်းရဇုန်" ဟု ကြေညာချက်တစ်စောင်ထုတ်ပြန်ခြင်းဖြင့်မပြီးဘဲ သတ်မှတ်ထားသော ဇုန်အတွင်း စစ်လေယာဉ်များ မဝင်ရောက်စေရန် ကင်းလှည့်စောင့်ကြပ်ပေးခြင်း၊ ချိုးဖောက်ဝင်ရောက်လာသော စစ်လေယာဉ်များအား ပစ်ချခြင်းစသည့် လက်တွေ့တာဝန်ယူတာဝန်ခံမှုများလည်း တွဲလျက်ရှိပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများသည် အရပ်သားပြည်သူများနေထိုင်ရာ ရပ်ရွာ၊ မြို့ပြ၊ ဆေးရုံဆေးခန်း၊ စာသင် ကျောင်း၊ ဘာသာရေးအဆောက်အအုံနှင့် စစ်ဘေးရှောင်စခန်းပါမကျန် ပစ်မှတ်ထားလျက်ရှိသော်လည်း "No Fly Zone" သတ်မှတ်ပြီး အကာအကွယ်ပေးနိုင်ရေးသည် ဖြစ်နိုင်ချေအလွန်နည်းပါးသည်ဟု ဆိုရပါမည်။

အမေရိကန်တပ်မတော် အငြိမ်းစားဒုဗိုလ်မှူးကြီးတစ်ဦးလည်းဖြစ်၊ ဟာဝိုင်အီကျွန်း ဟိုနိုလူလူမြို့ လုံခြုံရေးဆိုင်ရာအာရှ-ပစိဖိတ်လေ့လာရေးဌာန ပါမောက္ခလည်းဖြစ်သူ ဒေါက်တာ မီမီဝင်းဘတ်က ယခုလိုပြောပါသည်။

"နိုင်ငံတကာက No Fly Zone လုပ်လိုက်တယ်။ အဲဒါကို ဘယ်သူက Enforce လုပ်မှာလဲ၊ အိမ်နီးချင်းနိုင်ငံတွေက လုပ်မှရမှာပေါ့နော်။ အဲဒါကို လုပ်ပဲ့မလား၊ No Fly Zone က လက်တွေ့ကျတော့ Fly လုပ်လာရင် ဘယ်သူက Enforce လုပ်မှာလဲ"။ [55]

---

54 လစ်ဗျားက မပျံသန်းရဇုန် သတ်မှတ်ချက်ကို ရုတ်သိမ်းပြီ ၊ ဘီဘီစီ၊ https://bbc.in/3uI4JhL

55 စစ်ကောင်စီရဲ့ လေကြောင်းသုံး တိုက်ခိုက်မှုတွေကို ဘယ်လို ရပ်တန့်နိုင်မလဲ၊ အာအက်ဖ်အေ၊ https://bit.ly/46TJMy4

# သုံးသပ်တင်ပြချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ပြီး စစ်အာဏာသိမ်းကာလတလျှောက် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီဖြစ်သည်။ တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်သားများ "အကျအဆုံး များပြားလေလေ၊ လေကြောင်းတိုက်ခိုက်မှုများ ပိုမိုအသုံး ပြုလေလေ" ဟူသော BNI-Myanmar Peace Monitor ၏ လေ့လာတွေ့ရှိချက်အရ ဆိုရသော် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများသည် လျော့ကျသွားမည့် အရိပ်အယောင်မျိုး မတွေ့ရဘဲ ဆက်လက်တိုးမြှင့်တိုက်ခိုက်နေမည့် အလားအလာရှိနေပါသည်။

၎င်းတို့၏ အဓမ္မစစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော နွေဦးတော်လှန်ရေးအင်အားစုများအား ထောက်ကူပံ့ပိုးသူတိုင်းအား စစ်ရေးပစ်မှတ်များအဖြစ် သတ်မှတ်ထားသကဲ့သို့ အရပ်သားပြည်သူနှင့် လက်နက်ကိုင်အင်အားစု ခွဲခြားခြင်းမရှိဘဲ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို တောင်တန်းမြေပြန့် ဒေသမရွေး၊ အချိန်မရွေး ဆက်လက်ကျူးလွန်နေဦးမည်ဖြစ်သည်။ တွေ့ရှိချက်အရ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းပစ်မှတ်များသည် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များထက် အရပ်သားပြည်သူနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များကို ပိုမိုပစ်မှတ်ထား တိုက်နေသည်ဟု ဆိုရပါမည်။

စစ်အုပ်စု၏ လေကြောင်းရန်အား မဟန့်တားနိုင်ပါက "မိုးကောင်းကင်မှ မိစ္ဆာများ သို့မဟုတ် စစ်အုပ်စု၏ လေကြောင်းရန်" သည် အနန့်ပါဖြစ်စဉ်၊ ပဇီကြီးဖြစ်စဉ်၊ မုန်လိုင်ခက်ဖြစ်စဉ်တို့ကဲ့သို့ အရပ်သားပြည်သူများ အစုလိုက် အပြုံလိုက် သေဆုံးရသည့် ဖြစ်စဉ်မျိုး ထပ်မဖြစ်စေရေးအတွက် အာမခံချက်မရှိနိုင်ပေ။

လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ် တိုက်ခိုက်မှုများအား တစုံတရာကာကွယ်နိုင်ရေးအတွက် နွေဦးတော်လှန်ရေး အင်အားစုများအနေဖြင့် ဗုံးခိုကျင်းများ တူးခြင်း၊ သတင်းအချက်အလက် မျှဝေခြင်းနည်းလမ်းများကိုသာ စနစ်တကျ စီမံလုပ်ဆောင်နေရသည်။ လေကြောင်းသတင်းများ အချိန်မီဖြန့်ဝေနိုင်ရေးအတွက်မှ လိုအပ်သည့် နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ လိုအပ်ချက်ကြီးမားနေဆဲဖြစ်သည်။ ထို့အပြင် စစ်အုပ်စု၏ လေယာဉ်များအား ပစ်ချခြင်းနှင့် လေတပ်စခန်းများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်း

**မိုးကောင်းကင်မှ မိစ္ဆာများ သို့မဟုတ် စစ်အုပ်စု၏ လေကြောင်းရန် မှ လွတ်မြောက် နိုင်ရေးသည် ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် စစ်ဘေးရှောင်အရပ်သားပြည်သူများအတွက် အလိုလားဆုံးသော မျှော်လင့်ချက်တစ်ခု ဖြစ်ကြောင်း ...**

နည်းလမ်းများဖြင့် စစ်အုပ်စု၏ လေကြောင်းရန်အား ကာကွယ်နိုင်ရေးဆိုကလည်း အကန့်အသတ်များစွာ ရှိနေပါသည်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့်လည်း "No Fly Zone" သတ်မှတ်ရေးအတွက် မစွမ်းဆောင်နိုင်သေးသည့်တိုင် လူ့အသက်ပေါင်းများစွာကို သေကြေပျက်စီးနိုင်သော အာကာသိမ်းစစ်အုပ်စု၏ ကောင်းကင်မိစ္ဆာများအတွက် လောင်စာဖြစ်သော လေယာဉ်ဆီများအား မြန်မာနိုင်ငံအတွင်း မဝင်ရောက်စေရန် အထူးသတိပြုပြဟန့်တားရပေလိမ့်မည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော မြန်မာပြည်သူလူထုနှင့်အတူ ရပ်တည်ထောက်ခံ အားပေးလျက်ရှိသည့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းရန်မှ မြန်မာပြည်သူလူထုကို ကာကွယ်ပေးရန် ချဉ်းကပ်သင့်ပြီဖြစ်သည်။

"မိုးကောင်းကင်မှ မိစ္ဆာများ သို့မဟုတ် စစ်အုပ်စု၏ လေကြောင်းရန်" မှ လွတ်မြောက်နိုင်ရေးသည် ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် စစ်ဘေးရှောင်အရပ်သားပြည်သူများအတွက် အလိုလားဆုံးသော မျှော်လင့်ချက်တစ်ခု ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မိုးကောင်းကင်မှ မိစ္ဆာများ သို့မဟုတ်
စစ်အုပ်စု၏ လေကြောင်းရန်မှ လွတ်မြောက် နိုင်ရေးသည်
ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်
စစ်ဘေးရှောင်အရပ်သားပြည်သူများအတွက်
အလိုလားဆုံးသော မျှော်လင့်ချက်တစ်ခု ဖြစ်ကြောင်း ...

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR